www.burmeseclassic.com


မြတ်ပန်းရဂုံပုံပြင်များ(၂၄)

အဖေ့အတွက် အသက်ပေးသောသား

အပါအဝင်

# မြန်မာ့ရိုးရာပုံပြင်များ

မင်္ဂလာချင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# အဖေ့အတွက် အသက်ပေးသောသား

အပါအဝင်

# မြန်မာ့ရိုးရာ ပုံပြင်များ

မင်္ဂလာချင်အောင်

---

ဖြန့်ချိရေး – **မြတ်ပန်းရုံစာပေ**
အမှတ်(၁၉၄)၊ ၂၉–လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၁

www.burmeseclassic.com

www.burmeseclassic.com


**နိုင်ငံတော်အစီအစဉ်သုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းနိုင်ရေး
- ပြဋ္ဌာန်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# မာတိကာ


| | | |
|---|---|---|
| (၁) | စေးစေးနဲ့နဲ့ သူဌေးမွဲ | ၅ |
| (၂) | ဝန်လိုမောင်နှံနှင့် ကျီး၊ လိပ် | ၁၅ |
| (၃) | မဟာလေ့ကားပွင့် အဆင်းရှိသော | ၂၃ |
| (၄) | မလှူရက် မပေးရက်ဖြင့် | ၃၉ |
| (၅) | အမေ့အတွက် အသက်ပေးသောသား | ၄၉ |
| (၆) | ဝေဒနာအန်ရာသစ်ပင် | ၅၉ |
| (၇) | ကုန်းသမား၏အသီး | ၆၉ |
| (၈) | သုံးပိဿာတန်သောစကား | ၇၇ |
| (၉) | ရက်တက်ရည် ဝယ်ကြမလား | ၈၅ |
| (၁၀) | မိတ္တဝိလာကန်တော်ကြီး | ၉၉ |
| (၁၁) | ဆတ်မ၏သားကစသော ရာဇဝင် | ၁၁၅ |


■

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၈၅၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၅၄၁၀၀၇

ထုတ်ဝေခြင်း - ၂၀၀၈ - ခု၊ ဖေဖော်ဝါရီ

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ (၁၀၀၀)အုပ်

မျက်နှာဖုံးပန်းချီ - ရွှေစိုးဟန်

အတွင်းပန်းချီ - မိုးကျော်

ဖလင် - မျိုးညွန့်နှင့်အဖွဲ့

ကွန်ပျူတာစာစီ - သိန်းသိန်းအေး၊ သီသီထွက်း

**W!zard** အမှတ် - ၁၉၇၊

၃၃ - လမ်း(အထက်)၊

ကျောက်တံတား၊ ရန်ကုန်။

ထုတ်ဝေသူ - ဦးခင်မောင်ဦး(မြဲ - ၀၄၀၇၃)

၄၇၃(က)၊ နီလာ(၆)လမ်း

၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအောင်မြင့်သိန်း (မြဲ - ၀၆၁၆၄)

အင်းကြင်းမြိုင်ပုံနှိပ်တိုက်

အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊

ရန်ကုန်မြို့

တန်ဖိုး - ၂၀၀ ကျပ်




www.burmeseclassic.com

“ အရှင်ပဋ္ဌေကဗုဒ္ဓါ၏ သပိတ်ထဲရှိ ဆွမ်းနှင့် ဆွမ်းဟင်းများကို ကြည့်ပြီး ဝန်တိုစိတ်ပေါ်ခဲ့ဖူးသော မကောင်းမှုသည် ယခု အပုတ္တက သူဌေးဘဝ၌ ဝင့်ခံရပြီ။ မြေထဲ၌ ကုဋေရှစ်ဆယ်၊ မြေပေါ်၌ ကုဋေရှစ်ဆယ်မျှရှိသော ဥစ္စာများကို ပိုင်ဆိုင်သော သူဌေးဖြစ်သော်လည်း ရေမရောသော ယနာထမင်းထက် ဆန်ကွဲထမင်းကို လျှာလည်နေသည်။ နွားမကြီးနို့အုံသားဟင်းထက် ပအုံးရည်ဟင်းက လျှာရင်းမြက်သည်။ ”

## ဧေးဧေးနဲ့နဲ့ သူဌေးမွဲ

အပုတ္တကခေါ် အာဂန္တုကသူဌေးသည် အလွန်နှမြောတွန့်တိုရှာ၏။ တစ်ရံခါသော် ‘တဂရသိခီ’ ပစ္စေကဗုဒ္ဓါသည် ထိုသူဌေး၏ အိမ်ရှေ့၌ ဆွမ်းရပ်တော်မူ၏။ သူဌေးသည် “ကန်တော့ဆွမ်းပါဘုရား”ဟု ကိုယ်တိုင်မပြောချင်သဖြင့် အိမ်ထဲသို့ လှမ်းအော်၏။

“ဟေ့...အိမ်ထဲကဟာတွေ၊ ဒီမှာလာပြီး ဆွမ်းလောင်းကြဦးလေ”

ထိုသို့လှမ်းအော်ပြီးမှ သူဌေးသည် ကိစ္စတစ်ခုကို သတိရသဖြင့် အိမ်ပြင်သို့ထွက်သွား၏။ သူဌေး၏ဇနီးမှာ အလွန်အံ့ဩနေ၏။ အလွန်လည်း ဝမ်းသာနေ၏။ အကြောင်းသော်ကား



www.burmeseclassic.com

www.burmeseclassic.com



"ဆေးလိုက်ကြစမ်း၊ လှူလိုက်ကြစမ်း"ဟု သူဌေးကြီးပါးစပ်မှ တစ်ကြိမ်မျှ ပြောဖူးခြင်းမရှိဘဲ ယနေ့မှ "ဆွမ်းလောင်းကြဦး"ဟု ပြောဖော်ရသောကြောင့်တည်း။

ထိုသူဌေးကပ်စေးနှဲ၏ ဇနီးမယားကား ရတနာသုံးပါး၌ ကြည်ညိုဏ်၏။ သဒ္ဓါတရားရှိ၏။ သူဌေးကြီးက "ဆွမ်းလောင်းကြဦးလေ" ပြောသွားသောကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်တော်ကို ယူသည်။ ကြံတောင့်ကြံခဲ လှူဒါန်းရသောကြောင့် အကောင်းဆုံးထမင်းနှင့် အကောင်းဆုံးဟင်းတွေကိုသာ လောင်းလှူလိုက်သည်။

တဂရသိခီ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဆွမ်းအလှူ ခံယူအပြီးတွင် ရွာပြင်သို့ ရှေးရှုလျက် ကြွတော်မူလာသည်။ ရွာတံခါးဝအနီးတွင် ကိစ္စပြီးစီးသဖြင့် ပြန်လာသောသူဌေးနှင့် တွေ့သည်။

"အရှင်ဘုရား၊ တပည့်တော်တို့အိမ်က ဆွမ်းလောင်းလိုက်ရဲ့လား"

"လောင်းပါတယ် ဒါယကာ"

"ဟုတ်လား၊ ဘာတွေများပါလိမ့်"

သူဌေးသည် ပြောပြောဆိုဆိုပင် အရှင်မြတ်၏ သပိတ်တော်ကို ဖွင့်ကြည့်၏။ ထိုသို့ကြည့်သည့် တစ်ခဏအတွင်း၌ ဝန်တိုမှုတွေ ဖြစ်ပေါ်လာ၏။

"အမွန်တမြတ်ပါတကား၊ ဒါလောက်ကောင်းတဲ့ ထမင်းဟင်းကိုသာ ငါ့ရဲ့အမှုလုပ်ဖြစ်ဖြစ်၊ ကျေးကျွန်ကိုပဲဖြစ်ဖြစ် ချကျွေးလိုက်ရရင် ဝမ်းသာအားရနဲ့ ကျေးဇူးတင်မယ်၊ အလုပ်ကို ကြိုးစား



လုပ်မယ်၊ အခုတော့"

အပုတ္တကသူဌေး ခေါ် အာဂန္တုကသူဌေးသည် ထိုသို့လျှင် ကောင်းမှုနှင့် မကောင်းမှုကို ဒွန်တွဲလျက် ကျူးလွန်မိသည့်နည်းတူ မကောင်းမှုတစ်မျိုးတည်းကိုလည်း ကျူးလွန်ခဲ့ဖူးသည်။ သူ ကျူးလွန်သော မကောင်းမှုကား ရာဇဝတ်မှုဖြစ်သည်။

သူကျူးလွန်သော ရာဇဝတ်မှုမှာ သူ၏တူကို ဖျောက်ဖျက်ခြင်းဖြစ်၏။ သူ၏အစ်ကို ကွယ်လွန်သွားသောအခါ သားကလေးတစ်ယောက်သာ ကျန်ခဲ့၏။ ထိုကလေးသည် ဦးလေးဖြစ်သူသွားရာသို့ တကောက်ကောက်ပါ၏။

"ဒါ ကျွန်တော့်အဖေရဲ့ နွား"

"ဒါ ကျွန်တော့်အဖေရဲ့ လှည်း"

ကလေးသည် ဦးလေးလုပ်ကိုင် ဆောင်ရွက်သမျှကို သူသိသမျှကလေးဖြင့် အခါမလပ်ပြော၏။ ထမင်းစားရာမှာပင် "ဤဒေါင်းလန်းကား ငါ့အဖေ၏ပစ္စည်းတည်း" စသည်ဖြင့် မလွတ်အောင် လိုက်လံပြော၏။

အာဂန္တုက သူဌေးလောင်းလျာ စဉ်းစားရပြီ။

"ဒီကလေးဟာ အခုငယ်ငယ်ကလေးမှာတောင် ဒါလောက်ပြောရင် ကြီးလာတဲ့တစ်နေ့မှာ အိမ်ပေါ်ကနှင်ချမှာ သေချာတယ်။ ဒီတော့"

သူသည် တူသားငယ်ကို ဖျောက်ဖျက်ပစ်ပြီး ထိုကလေး၏ အမွေပစ္စည်းများကို တစ်ဘဝတာ သုံးဆောင်ခံစား၏။ သို့သော် ထိုကလေးအား သတ်ဖြတ်သော မကောင်းမှုကြောင့် အပါယ်

www.burmeseclassic.com

www.burmeseclassic.com



ဇရဲ၌ နှစ်ပေါင်းသိန်းချီပြီး ခံစားခဲ့ရ၏။

သူသည် ဇရဲမှလွတ်မြောက်လာသောအခါ တဂရသိခီ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလောင်းလှူရန် တိုက်တွန်းသော ကောင်းမှုကြောင့် သာဝတ္ထိပြည်၌ သူဌေးကြီးဖြစ်လာသည်။ အပုတ္တကသူဌေးဟု ခေါ်ကြသည်။

တဂရသိခီ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား သူဌေး၏ဇနီး လောင်းလှူလိုက်သော ဆွမ်းခဲဖွယ်ဘောဇဉ်များကို ကြည့်ပြီး နှမြောတွန့်တိုစိတ် ဖြစ်ပေါ်ခဲ့ဖူးသည့်အတွက် ယခု အပုတ္တကသူဌေးဘဝတွင် အကောင်းမှန်သမျှ မုန်းတီးသူဖြစ်လာ၏။

အပုတ္တကသူဌေးကြီး၏ အတွင်းသဘောကို နားမလည်သော ဘဏ္ဍာစိုးတစ်ယောက် ရှိခဲ့ဖူးသည်။ သူသည် သူဌေးကြီး မျက်နှာသစ်အပြီးတွင် သုံးဆောင်ရန်အတွက် ရေမရောသော နို့ထမင်းကို ပြင်ဆင်ထားသည်။

သူဌေးကြီး မျက်နှာသစ်ပြီးပြီ။

"ဘာစားစရာရှိသလဲဟေ့"

"အသင့်ပါပဲ သူဌေးကြီး"

အမှုလုပ်တစ်ဦးက အုပ်ဆောင်းဖြင့်ဖုံးထားသော ရွှေခွက်ကို ဖွင့်လှစ်ပြီး သူဌေးရှေ့၌ချသည်။ သူဌေးသည် ရွှေခွက်ကို လည်းကောင်း၊ ရွှေခွက်ထဲရှိ နို့ဃနာကိုလည်းကောင်း ထိတ်လန့်ကြောက်ရွံ့စွာ ကြည့်သည်။ ထို့နောက် အမှုလုပ်ကို တစ်လှည့်၊ ရွှေခွက်ကို တစ်လှည့် ကြည့်နေပြန်သည်။

"မင်းတို့...မင်းတို့ ဒါ"



ရွှေခွက်ကိုတစ်လှည့်၊ အမှုလုပ်ကိုတစ်လှည့် ကြည့်သော သူဌေးသည် တဖြည်းဖြည်း ဒေါသထွက်လာသည်။ ထစ်အ တုန်ယင်စွာ အော်ဟစ်ရင်း တံမြက်စည်းကို ပြေးဆွဲသည်။ ရိုသေစွာ ရပ်နေသောအမှုလုပ်ကို ရိုက်သည်။

"သူဌေးမင်း...ကျွန်တော်"

"ဘာ သူဌေးမင်းလဲ၊ ဘာ ကျွန်တော်လဲ၊ ငါ့မှာရှိတဲ့ ဥစ္စာပစ္စည်းတွေ ကုန်ခန်းအောင်လုပ်တဲ့ကောင်၊ သွား...ထွက်သွား"

သူဌေးသည် တုတ်ဖြင့်ရိုက်၍ အားမရသောကြောင့် မြေကြီးခဲ၊ ကျောက်ခဲများဖြင့်ပါ ပစ်ပေါက်သည်။ ထိုသူထွက်ပြေးသောအခါ သူဌေးသည် စားဖိုဆောင်ထဲသို့ ပြေးဝင်လာ၏။ စားဖိုဆောင်ထဲ၌ တစ်စုံတစ်ရာ မချက်ပြုတ်ရသေး။

"ဟဲ့...ဟိုကောင်၊ လာစမ်း"

ထင်းစည်းကို ပစ်ချပြီးစ အဘိုးအိုသည် တုန်တုန်ချည့်ချည့် လျှောက်လာ၏"

"သူဌေးမင်း၊ ဘာများခိုင်းချင်ပါသလဲ ခင်ဗျာ"

"ဘာမျှမခိုင်းချင်ဘူး၊ မင်းတို့အိမ်မှာ ဘာထမင်း၊ ဘာဟင်း ရှိသလဲ"

"ထမင်းမရှိပါဘူး သူဌေးမင်း"

"ထမင်းမရှိရင် မင်းတို့ ဘာစားသလဲဟ"

"ဆန်ကွဲထမင်းတော့ ရှိပါတယ်ခင်ဗျာ"

သူဌေးမှာ လွန်စွာဝမ်းသာအားရ ဖြစ်သွားသဖြင့် လက်ခုပ်လက်ဝါးတီးလျက် တက်ကြွစွာပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"အလွန်ကောင်းတဲ့ ထမင်းပဲကွာ၊ ဟင်းကတော့ ဘာဟင်းလဲ"

"ဟင်းရယ်လို့တောင် မခေါ်နိုင်ပါဘူး သူဌေးမင်းရယ်၊ ကျွန်တော်တို့စားတာက 'ပအုံးရည်'ဟင်းကိုးခင်ဗျာ"

အဘိုးအိုက ရှက်ရွံ့သိမ်ငယ်စွာ ပြောသော်လည်း အပုတ္တကသူဌေးမှာမူ ရွှင်လန်းတက်ကြွနေ၏။

"အလွန်ကောင်းတဲ့ ဟင်းပါကလား၊ ကဲ...ကဲ...ဟောဒါကြီး ယူသွားပြီး ဆန်ကွဲထမင်းနဲ့ ပအုံးရည်ဟင်း ယူခဲ့စမ်းကွာ"

သူခစားများက အညံ့ဆုံးဟင်းဟု သတ်မှတ်ထားသော ပအုံးရည်ဟင်းသည် အပုတ္တကသူဌေးအဖို့ စားကောင်းသောက်ဖွယ်ကြီးဖြစ်နေ၏။ သူသည် စားမှုသောက်မှုကိစ္စများမှာသာမဟုတ်၊ အခြားကိစ္စများတွင်လည်း ဤနည်းနှင်နှင်သာဖြစ်သည်။

သူဌေးကြီး ပြင်လွင်တစ်ပါးသို့ သွားစရာရှိသည်ဆိုသောကြောင့် ကောင်းသောပုဆိုးအင်္ကျီများ အသင့်ထားပြီး တင့်တယ်လှပသောလှည်းနှင့် ဆောင်းစရာထီး လှလှပပတို့ကို ပြင်ဆင်ထားမိသောသူမှာ ရိုက်ပုတ်ဆဲဆိုခြင်း ခံရ၏။

သူဌေးကြီးသည် ပုဆိုးစုတ်ကိုခြုံပြီး အင်္ကျီစုတ်ကိုဝတ်သည်။ သူဌေး၊ သူကြွယ်တို့သုံးဆောင်သော ထီးသည် မကောင်း၊ ထန်းရွက်ထီးအစုတ်သည် တင့်တယ်၏၊ ပြင်ဆင်ရာ ချည်နှောင်ရာတို့ များနေသည့်အတွက် အခြားသူဌေးများ လွှင့်ပစ်ထားသောရထားသာလျှင် အပုတ္တကသူဌေး၏ အာရုံလျောက်ပတ်သောယာဉ် ဖြစ်နေတော့သည်။



အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲရှိ ဆွမ်းနှင့် ဆွမ်းဟင်းများကို ကြည့်ပြီး ဝန်တိုစိတ်ပေါ်ခဲ့ဖူးသော မကောင်းမှုသည် ယခုအပုတ္တကသူဌေးဘဝ၌ ဝင်၍ခံရပြီ။ မြေထဲ၌ ကုဋေရှစ်ဆယ်၊ မြေပေါ်၌ ကုဋေရှစ်ဆယ်မျှရှိသော ဥစ္စာများကိုပိုင်ဆိုင်သော သူဌေးဖြစ်သော်လည်း ရေမရောသော ဃနာထမင်းထက် ဆန်ကွဲထမင်းကို လျှာလည်နေသည်။ နွားမကြီး နို့အုံသားဟင်းထက် ပအုံးရည်ဟင်းက လျှာရင်းမြက်သည်။

ထိုသို့လျှင် အညံ့အဖျင်းများကိုစားပြီး ညစ်ထေးနွမ်းပါးစွာဝတ်လျက် သိမ်ငယ်စွာနေထိုင်ခဲ့သော အပုတ္တကသူဌေးသည် သံဃာတော်များအား တစ်ကြိမ်မျှ လှူဒါန်းဖူးခြင်း မရှိပါ။ ရဟန်းပုဏ္ဏားနှင့် ဖုန်းတောင်းယာစကာများကိုလည်း စွန့်ကြဲပေးကမ်းခြင်း မရှိပါ။ သားထောက်သမီးခံလည်း မရှိသောကြောင့် အပုတ္တကသူဌေး၏အိမ်မှအစ အတွင်းပစ္စည်းအားလုံးနှင့် လယ်ယာ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ သိုး၊ ဆိတ်၊ ကျေးကျွန်တို့ကိုလည်း ကောသလမင်းသည် မင်းဘဏ္ဍာအဖြစ် သိမ်းယူ၏။

ချမ်းသာသမျှအနက် ပဲဝက်မျှလောက်သော အသပြာကိုပင် ယူဆောင်မသွားနိုင်ခဲ့သော အပုတ္တကသူဌေးသည် ကွယ်လွန်ချိန်၌ မဟာရောရုဝငရဲ၌ ဆက်၍ခံစားရ၏။

■

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝန်လိုမောင်နှံနှင့် ကျီး၊ လိပ်

ရေးလွန်လေပြီးသောအခါက ဟိမဝန္တာတောစပ်တွင် ထိန်ပင်တောဟူသည့် တောအုပ်တစ်ခု တည်ရှိခဲ့လေသည်။ ထိုတောအုပ်အတွင်းရှိ ထိန်ပင်တစ်ပင်တွင် ဝန်လိုငှက် ဇနီးမောင်နှံတို့သည် အသိုက်ဖွဲ့ကာ နေထိုင်လျက်ရှိကြသည်။ ကာလအနည်းငယ်အကြာတွင် ငှက်မသည် ဥများဥကာ အသိုက်တွင်း၌ စတင်ဝပ်လေ၏။

ထိုသို့ ဥများကိုဝပ်နေစဉ်အတွင်း တစ်နေ့သော် ငှက်မက ငှက်ဖိုအား တိုက်တွန်းစကားပြောကြားသည်။

"အရှင်...အကျွန်ုပ်တို့နေထိုင်သောနေရာမှာ လူသူနှင့် နီးကပ်သည်။ သို့အတွက် အဆွေခင်ပွန်း ရှာပါလေ"

ငှက်မက အမြော်အမြင်ရှိသော်လည်း ဝန်လိုငှက်ဖိုမှာ ရှေ့ရေးကို မြော်တွေးတတ်သောသဘော မရှိချေ။



"ကောင်းပြီ ရှင်မ၊ သင်ပြောတဲ့အတိုင်း အဆွေခင်ပွန်း ရှာဖွေမယ်။ ဒါပေမဲ့ ဘယ်သူ့ကို ဘယ်လို အဆွေခင်ပွန်းဖွဲ့ရမှာလဲ"

"အမောင်ငှက်ဖို၊ သေသေချာချာ နားထောင်။ ဟောသည်နေရာက တောင်ဘက်ကို လှမ်းကြည့်လိုက်ရင် ရေအိုင်ကြီးတစ်ခုရှိတယ်။ ရေအိုင်ထဲမှာ ကြီးမားတဲ့လိပ်ကြီးတစ်ကောင် ရှိတယ်။ သူ့ဆီ သွားရောက်ခစားပြီး မိတ်ဖွဲ့ပါ"

"စိတ်ချပါ ရှင်မ"

ဝန်လိုငှက်သည် ရေအိုင်ရှိရာသို့ သွားရောက်ကာ ကြီးမားသော လိပ်ကြီးကို ရှာဖွေသည်။ လိပ်ကြီး ကမ်းပေါ်သို့တက်ရောက်ပြီး နေဆာလှုံသည့်အခါ အနားသို့သွားရောက်ကာ ကောင်းမွန်စွာ နှုတ်ဆက်သည်။

"လိပ်ကြီး၊ ကျန်းခန့်သာလို့ မာပါစ ခင်ဗျား"

"အေး...မာသကွ"

"အစာရေစာကော ပေါများပါရဲ့လား"

"မရှိမရှားပေါ့ကွယ်၊ အနို့ နေပါဦး၊ မင်းက ဘယ်သူတုံး"

"ကျွန်တော်က ဟိုမှာ ပျပျကလေးမြင်ရတဲ့ ထိန်ပင်အုပ်အစပ်မှာနေတဲ့ ဝန်လိုငှက်ပါခင်ဗျား၊ ကျွန်တော့်ဇနီးကခိုင်းလို့လာပြီး ခစားတာပါ"

"အေးကွဲ့၊ အခုလို အဆွေခင်ပွန်းဖွဲ့ထားတာ မမှားပါဘူး။ သို့သော်လည်း ထန်းပင်ပေါ်က ကျီးမောင်နှံကိုလည်း အဆွေခင်ပွန်း ဖွဲ့ထားဦးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ လိပ်ကြီးခင်ဗျား"

ဤသို့ဖြင့် ဝန်လိုငှက်သည် လိပ်ကြီးညွှန်ပြသော ထန်းပင်ပေါ်ရှိ ကျီးဖနီးမောင်နှံတို့ထံသို့လည်း သွားရောက်ခစားသည်။

"သင်က ဝန်လိုငှက်၊ ငါတို့က ကျီး၊ စရိုက်မတူပါလား"

တစ်နေ့သော် ကျီးမက ထုတ်ဖော်မေးမြန်းသည်။

"အိုင်ထဲကလိပ်ကြီးက ကျီးမောင်နှံနဲ့ အဆွေခင်ပွန်းဖွဲ့ထား ချေဆိုပြီး ညွှန်ကြားတဲ့အတွက် အခုလို လာရတာပါခင်ဗျား"

"အေးအေး...ကောင်းတယ်...ကောင်းတယ်၊ အရေးအကြောင်း ရှိတဲ့အခါ တစ်ဦးနဲ့တစ်ဦး အကူအညီရတာပေါ့ကွယ်"

ဤသို့ဖြင့် ဝန်လိုငှက်သည် ကျီးမောင်နှံနှင့် ကမ္ဘာလိပ်ကြီး ထံတွင် မပြတ်မလပ် ခစားလာခဲ့ရာ ငှက်မ ဝပ်နေသောဥများမှ ငှက်ငယ်များ ပေါက်လာသည်အထိ ဖြစ်တော့သည်။

တစ်နေ့သ၌ လုလင်အချို့သည် တောလည်ရာက သမင် တစ်ကောင် ရရှိလာသည်။ သူတို့သည် သားကောင်ကို ရွာအထိ ယူဆောင်မသွားဘဲ တောစပ်မှာပင် သေရည်နှင့်သောက်ရန် မီးဖို ပြီး မီးကင်ကြလေတော့၏။

သမင်သားကင်သည့် မီးဖိုမှမီးခိုးများသည် အထက်သို့ လွင့် တက်ရာ ဝန်လိုငှက်ဖနီးမောင်နှံတို့၏ အသိုက်သို့ ရောက်သွား ၏။ မီးခိုးငွေ့ကို ငှက်ကြီးများ ခံနိုင်သော်လည်း ငှက်ပေါက်စ ကလေးများမှ ခံနိုင်ရည်မရှိကြချေ။ ခံနိုင်ရည်မရှိသည့်အတွက် ငှက်ကလေးတွေ အော်ဟစ်ကြရာ သေရည်သမားများအား သတိ ပေးသကဲ့သို့ ရှိလေ၏။



"ဟော့...သမင်သားနဲ့ မြည်းရုံမကဘူး၊ သေရည်ကို ငှက် သားနဲ့ပါ မြည်းရတော့မယ်ဟေ့"

လုလင်များ ဝမ်းသာအားရပြောကြ၏။

ဝန်လိုငှက်မောင်နှံမှာ သစ်ပင်အောက်မှ သေရည်သမားများ ထွက်ခွာသွားအောင် လုပ်နိုင်မှုဖြစ်မပေတော့မည်။ သို့မဟုတ်ပါက သူတို့၏မီးခိုးကြောင့် ငှက်ကလေးတွေ အော်နေကြရသည်။ ထို့ နောက်တွင် ထိုသေရည်သမားများသည် ထိန်ပင်ပေါ်သို့တက်လာ ပြီး အသိုက်ကို ဖျက်ဆီးလိမ့်မည်။

သို့အတွက် ဝန်လိုငှက်သည် ရေအိုင်ထဲမှရေကို နှုတ်သီးဖြင့် ငုံလာပြီး၊ သေရည်သမားတို့၏ မီးဖိုပေါ်သို့ ထွေးချရာ မထိ ရောက်ချေ။ သေရည်သမားများသည် သေအယစ်လွန်သောအခါ "ငှက်သားစားမည်" အော်ဟစ်လျက် ထိန်ပင်ကိုဖက်ပြီး တက် လေ၏။

ဝန်လိုငှက်မောင်နှံတို့ ပျာယာခတ်သွားကြ၏။ မောင်နှင့် မည်းမည်းတွင် ထိန်ပင်ကိုဖက်တက်သူ၏ ဦးခေါင်းကို ဆိတ် သည်။ မျက်နှာကို အတောင်ဖြင့်ရိုက်သည်။

"ဟ...ဘယ်လိုတောနဲ့ ဘယ်လိုငှက်ပါလိမ့်"

သေရည်သမားသည် သစ်ပင်ပေါ်မှ ဆင်းသက်သွားပြီး မီးဖို ကို ပိုမိုပြီး အလင်းရောင်ရအောင် များပြားသောထင်းများကို အသုံးပြုလေ၏။ ထိုအခိုက်အတန့်တွင် ငှက်ဖိုသည် ရေအိုင်ထဲရှိ ကမ္ဘာလိပ်ကြီးထံသို့ သွားရောက်ကာ အကူအညီတောင်း၏။

"ငါ အခုပဲသွားမယ်၊ ငါမရောက်ခင် မင်းတို့ စုပေါင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ပေးနိုင်အောင် ကျီးမောင်နံကိုလည်း အကူအညီ တောင်းထားဟေ့”

လိပ်ကြီးသည် ပြောပြောဆိုဆိုပင် ရေအိုင်ထဲမှ တက်လာသည်။ လိပ်တို့၏ သဘာဝအလျောက် နှေးကွေးသည့်အတွက် ကြိုတင်ဆောင်ရွက်ထားနှင့်ကြရန် စီစဉ်မှာကြားလိုက်ရသည်။ ဝန်လိုငှက်လည်း ကျီးမောင်နံထံသို့ သွားရောက်အကြောင်းကြားရာ ကျီးမောင်နံသည် ချက်ချင်းလိုက်လာပြီး သေရည်သမားများကို အတောင်ဖြင့်ရိုက်၊ နှုတ်သီးဖြင့်ဆိတ်တော့သည်။

“ဘယ်လိုတောနဲ့ ဘာငှက်တွေလဲဟေ့”

သေရည်သမားတွေ အလန့်တကြား အော်ဟစ်နေကြစဉ် ကမ္ဘာလိပ်ကြီး ရောက်လာ၏။ မြေကြီးတွေကို နောက်ခြေဖြင့် ယက်ထွင်းကာ မီးဖိုကို ဖျက်ဆီးပစ်သည်။

“လိပ်ကြီးဟေ့၊ ဖမ်းသွားကြရအောင်ဟေ့”

သေရည်သမားများက လိပ်ကြီးကို ဖမ်းဆီးရန် ဆွဲကိုင်ကြ၏။ တက်စီးကြ၏။ လိပ်ကြီးသည် ထိုသူများကို ရေအိုင်ရှိရာသို့ တရွေ့ရွေ့ဆွဲခေါ်သွားလေ၏။

“ဟေ့...လိပ်ကြီးကို အသာထားပြီး ငှက်သားစားကြရအောင်ဟေ့”

“ငှက်သားကို ခဏထားပြီး မီးကို အလျင်ဖိုကြစို့”

သေရည်သမားတွေ ပြန်လည်ပြီး တာစူကြရာ၊ ကျီးမောင်နံက အတောင်ဖြင့်ရိုက်ပြီး နှုတ်သီးဖြင့်ဆိတ်သည်။ ဝန်လိုမောင်နံက ရေတွေငုံလာပြီး မီးဖိုပေါ်သို့ ထွေးချသည်။ ကမ္ဘာလိပ်ကြီးက



လည်း ရွှံ့တွေလူးလာပြီး မီးဖိုထဲသို့ဝင်ပြီး လိမ့်သည်။

သေရည်သမားတွေ တအံ့တသြဖြစ်ကုန်ကြသည်။

“တောချောက်တာထင်တယ်ဟေ့”

“တောချောက်တာမဟုတ်ပါဘူးကွာ၊ အားမလျှော့ကြပါနဲ့”

သေရည်သမားများသည် အားထုတ်ပြီး မီးဖိုကြ၏။ အချို့ကလည်း ထိန်ပင်ပေါ်သို့ တက်ကြသည်။ ငှက်လေးကောင်မှာ ပင်ပန်းလှပြီ။ သို့ရာတွင် လင်းရောင်ခြည် သမ်းလာပြီဖြစ်ရကား၊ ကျီးမောင်နံသည် သံကုန်အော်လိုက်လေ၏။

အိပ်ရာမှနိုးလာပြီဖြစ်သော ကျီးများသည် အသံကြားရာသို့ ဝိုင်းအုံလာကြသည်။ ကျီးမောင်နံတို့ ထိုးဆိတ်သည့် သေရည်သမားများကို တိုက်ခိုက်ကြသည်။ ငှက် ၄ ကောင်နှင့် လိပ်တစ်ကောင်ကို ခံနိုင်သော သေရည်သမားများသည် ရာချီသော ကျီးအုပ်ကြီး၏ တိုက်ခိုက်မှုကိုကား မခံနိုင်ပေ။ တစ်ယောက်ကို တစ်ယောက် အသံပေးပြီး အလျင်အမြန် ထွက်ပြေးသွားကြလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com

မယားခံရကာမှ
အဆင်းရှိသော...



www.burmeseclassic.com

“ အရှင်မ၊ ကနေ့တော့ ကျွန်တော်မဟာ မြတ်စွာဘုရားရဲ့ တရားတော်မြတ်ကို ကြားနာခဲ့ရတဲ့အတွက် မကောင်းတဲ့ နိုးမှုကို ရှောင်ကြဉ်တာပါ ”

# မဟာလှေကားပွင့်အဆင်းရှိသော

ကောသမ္ဗီပြည်၌ ဃောသကသူဌေးသည် ထင်ရှားကျော်ကြား၏။ သူသည် သူမည်သို့မည်ပုံ လူဖြစ်လာသည်၊ မည်သို့မည်ပုံ သူဌေးဖြစ်လာသည် စသည်တို့ကို ဆင်ခြင်ပြီးလျှင် နေ့စဉ်အသပြာတစ်သိန်းဖိုး လှူဒါန်း၏။ သူ၏အလှူကို မိတ္တာသူကြွယ်က ကြီးကြပ်စီရင်ပေး၏။

ထိုအချိန်ဝယ် ဘဒ္ဒဝတီပြည်၌ ဘဒ္ဒဝတီသူဌေးသည် ထင်ရှား၏။ သူနှင့် ဃောသကသူဌေးတို့သည် မိတ်ဆွေများဖြစ်ကြသည်။ မိတ်ဆွေဖြစ်သော်ငြား တစ်ယောက်နှင့်တစ်ယောက် မြင်ဖူးသူများ မဟုတ်ကြချေ။ တစ်ယောက်၏ ကောင်းသတင်းကို တစ်ယောက်က ကြားနာကြည်နူးပြီး လက်ဆောင်ပို့လျက် အဆွေခင်ပွန်း ဖွဲ့ထားသူများဖြစ်ကြ၏။

တစ်ရံရောအခါ ဘဒ္ဒဝတီသူဌေး၏ တိုက်ကြီး၌ “အဟိဝါတ” ယဉ်နာရောဂါ ဖြစ်ပွားလေ၏။ ထိုရောဂါ ကျရောက်

www.burmeseclassic.com



ဖြစ်ပွားပုံမှာ ဦးစွာ အိမ်တွင်တွယ်ကပ်နေသော 'ယင်'တွေ သေကုန်သည်။ ထို့နောက် ပိုးမွှားတွေ ကြွက်တွေ သေပြန်သည်။ ထို့နောက် ကြက်၊ ဝက်၊ နွား စသည်တို့ သေကုန်ပြန်သည်။

သေဆုံးစရာ ပိုးမွှားနှင့် တိရစ္ဆာန်များ ကုန်စင်သောအခါ လူများဘက်သို့ လှည့်လာသည်။ မြေကြီးပေါ်တွင် ဖြစ်ကတတ်ဆန်း နေထိုင်သော အခိုင်းအစေများ ဦးစွာသေဆုံးသည်။ ထို့နောက် တဲတွင်း အိမ်တွင်း၌ နေထိုင်သူများကို ရောဂါကူးစက်သည်။ နောက်ဆုံးဘွင်ကား အာဟာရပြည့်ဝစွာ စားသုံးပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်သော သူဌေးနေအိမ် တိုက်ခန်းရှိ အစေအပါးများပါ အသက်ဆုံးကြသည်။

တိုက်ထဲတွင် ဘဒ္ဒဝတီသူဌေး ဇနီးမောင်နှံနှင့် သမီးကလေး သာမာဝတီတို့သာ ထုထုထောင်ထောင် ကျန်တော့ချိန်ဝယ် သူဌေးကြီးက ပြော၏။

"လူထက် ဘယ်ဟာမျှ မမြတ်ဘူးရှင်မ၊ ရှေ့ပေါက်ကလည်း မသွားနဲ့၊ နောက်ပေါက်ကလည်း မထွက်နဲ့၊ တိုက်နံရံကိုဖောက်ပြီး ပြေးကြစို့"

"သမီးတို့သွားမယ့်ခရီးအတွက် ရိက္ခာတော့ ယူခဲ့ပါရစေ အဖေ"

သမီးကလေး သာမာဝတီက ဆာလောင်မွတ်သိပ်တတ်သူပီပီ အစားအစာကို သတိတရရှိ၏။

"ကောသမ္ဗီကို သွားမှာ သမီး၊ ကောသမ္ဗီမှာ ငါ့မိတ်ဆွေ ဃောသကသူဌေးကြီးဆိုတာ ရှိတယ် သမီး"



သားအမိ သားအဖသုံးယောက်သည် နိုင်သမျှရိက္ခာကို ယူကာ တိုက်နံရံကို ဖောက်ထွက်ပြီး ပြေးလာကြ၏။ နွားဆွဲသောလှည်း၊ မြင်းဆွဲသောယာဉ်များ အများအပြားရှိစေကာမူ မယူဝံ့ကြချေ။ ခြေကျင်ခရီးသာ ပြေးလာကြရ၏။

သူတို့တွင်ပါလာသော ရိက္ခာများ ကုန်စင်သွားပြီ။ ကောသမ္ဗီသို့ကား မရောက်ကြသေးချေ။ လမ်းခရီးတွင်တွေ့သော စားကောင်းသည့်အပင်မှ အရွက်များ၊ အသီးများနှင့် အပွင့်,အခေါက်များကို စားကြသည်။ ထမင်းမဟုတ်သောကြောင့် အာသာမပြေသော်လည်း မသေထမင်း မသေဟင်းအဖြစ် သဘောထားကာ မှိုဝဲရခြင်းဖြစ်၏။

ဘဒ္ဒဝတီသူဌေး သားအမိ သားအဖတို့ ကောသမ္ဗီပြည်သို့ ရောက်လာချိန်ဝယ် သူတို့ကိုယ်မှာ လူရုပ်မပီသတော့ပေ။ ခရီးကြမ်းသွားရခြင်း၊ အစာမဝခြင်းတို့ကြောင့် ပိန်ချုံးနေ၏။ ခရီးကြမ်းသွားရသဖြင့် ဖုန်မှုန့်များ ပေကျံနေသည်။ အဝတ်များမှာလည်း ချွေးများ၊ ဖုန်များကြောင့် ညစ်ထေးရုံမက နံစော်နေသည်။

"ငါတို့အားထားတဲ့ ဃောသကသူဌေးရဲ့မြို့ကိုတော့ ရောက်ပြီဟေ့။ ဒါပေမဲ့ ငါတို့ကိုယ်ကို ပြန်ကြည့်စမ်း၊ သူဌေးနဲ့တူတာ ဘာများရှိသလဲ၊ ဘာမှမရှိဘူး၊ သည်ပုံနဲ့သွားရင်တော့ သူဌေးနဲ့တွေ့ခွင့်တောင် ရမှာမဟုတ်ဘူး"

ဘဒ္ဒဝတီသူဌေးကြီးက ဇနီးနှင့်သမီး သဘောပေါက်စေရန် ရှင်းပြသည်။

"ရေမိုးချိုး၊ နှစ်ရက်,သုံးရက်နားနေရင်းနဲ့ အသားတွေ လျှော်ရ

www.burmeseclassic.com

www.burmeseclassic.com



ဖွပ်ရဦးမယ်၊ လောလောဆယ်တော့ ခွက်လက်ဆွဲပြီး တောင်းရမ်းစားသောက်ရမှာပဲ သမီးရေ့၊ ငါ့သမီးကို ဘယ်သူကမှ သာမာဝတီလို့ သိမှာမဟုတ်ဘူး၊ ရှက်မနေနဲ့”

ရှက်မနေနဲ့ဆိုသော်လည်း သာမာဝတီ ရှက်ပါသည်။ အသံထွက်ပြီး မတောင်းရဲသည့်နည်းတူ လူတွေကိုလည်း မကြည့်ဝံ့ပါ။ သို့သော် သာမာဝတီတို့ သားအမိ သားအဖသုံးယောက် တည်းခိုသော ဇရပ်မှာ တစ်ခေါ်သာသာဝေးသောနေရာသို့အရောက်တွင် စတုဒိသာအလှူမဏ္ဍပ်တစ်ခုကို တွေ့ရသည်။

အလှူခံများသည် စည်းကမ်းမရှိကြပါ။ ဆဲဆို တွန်းထိုးသတ်ပုတ်နေကြသည်။ သာမာဝတီကား ထိုသူများနှင့် လွတ်ကင်းရာတွင်ရပ်လျက် မဏ္ဍပ်ကို မျှော်ကြည့်နေသည်။ အလှူကိုကြီးကြပ်သော သူကြွယ်မိတ္တသည် သာမာဝတီကို လှမ်းပြီးမြင်သည်။ အဝတ်တွေ အဘယ်မျှပင် ဟောင်းနွမ်းရှိပဲ့နေစေကာမူ တောင်းရမ်းစားသောက်သူ မဟုတ်ကြောင်းကို တင့်တယ်သောရပ်သွင်က ဖော်ပြနေသည်။

သို့ကြောင့် သူကြွယ်သည် သာမာဝတီအား အခေါ်လွှတ်ပြီး မေးမြန်းသည်။

“သမီး၊ ထမင်းလိုချင်လို့လား၊ အဝတ်အထည်လိုချင်လို့လား”

“နှစ်မျိုးလုံး လိုချင်ပါတယ် အဖေ”

“ဘယ်နှယောက်စာ လိုချင်သလဲ”

“သုံးယောက်စာပါရှင်”



သူကြွယ်မိတ္တသည် အဝတ်အထည်နှင့် သုံးယောက်စာ ထမင်းကို ကောင်းမွန်စွာပေးလိုက်သည်။ ထမင်းဟင်းနှင့် ရက်အတန်ကြာ ကင်းဝေးနေခဲ့သောကြောင့် ဘဒ္ဒဝတီသူဌေးမှာ ဟင်းနံ့၊ ထမင်းနံ့ရကာမျှဖြင့် ကန္ဒြေမရတော့ချေ။

လူပုံလယ်တွင် သူဌေးကြီး ဘဒ္ဒဝတီဟူ၍ ဂုဏ်ဖြင့် သိကျွာဖြင့် နေခဲ့သော သူဌေးကြီးသည် ယခုအခါ၌ ဟင်းနံ့၊ ထမင်းနံ့ ရကာမျှဖြင့် ကန္ဒြေပျက်နေပါပြီကောဟု သာမာဝတီ ဆင်ခြင်မိသည်။ ဖအေကိုကြည့်ကာ မျက်ရည်တွေတွေကျသည်။

“သမီးက ထမင်းနံ့၊ ဟင်းနံ့ နံ့တာနဲ့ပဲ ဝနေပါပြီ၊ အဖေနှင့်အမေတို့သာ စားကြပါ၊ မကုန်မှပဲ သမီးစားပါတော့မယ်”

သာမာဝတီက မိဘနှစ်ပါးအား ဦးစားပေးရာ သာမာဝတီ၏မိခင်ကလည်း ဘဒ္ဒဝတီသူဌေးကြီးကိုသာ ဦးစားပေးသည်။

“ကျွန်မတို့ရဲ့ အားကိုးရာဟာ အရှင်သူဌေးကြီး ဖြစ်ပါတယ်။ ဒါကြောင့် သူဌေးကြီးပဲ အားရပါးရ သုံးဆောင်တော်မူပါ”

သူဌေး၏ဇနီးသည် သူဌေးကြီး စား၍မကုန်သည်များကိုသာ စားရ၏။ သို့ရာတွင် သမီးအတွက်လည်း ငဲ့ရသေးသဖြင့် အားရပါးရ မစားနိုင်ပေ။ သူဌေးကြီးမှာသော်ကား လမ်းတစ်လျှောက်လုံး ငတ်မွတ်လာခဲ့သမျှ အတိုးချပြီးစားသည်။ စားသမျှသည် အစာမကြေရကား သူဌေးကြီးမှာ ညတွင်းချင်း ကွယ်လွန်လေ၏။

အားကိုးစရာတောင်ကြီး ပြိုကျပျက်စီးသွားခဲ့သော်လည်း သာမာဝတီ သားအမိမှာ ငိုကြွေး၍ချည်း မနေနိုင်ပါ။ သူဌေးကြီး

www.burmeseclassic.com

www.burmeseclassic.com



အား အလျင်အမြန် ဖုတ်ကြည်းသဂြိုဟ်ပစ်ရသည်။ အချိန်တန်သောအခါ ဝမ်းက တောင့်တသောကြောင့် အလှူမဏ္ဍပ်သို့ ထမင်းတောင်းရန် လာခဲ့ရပြန်၏။

သူကြွယ်မိတ္တသည် သာမာဝတီအား ကောင်းစွာမှတ်မိသည်။

"ချစ်သမီး၊ ဘယ်နှယောက်စာ ယူမှာလဲ"

"ဖခင်၊ နှစ်ယောက်စာပါ"

သာမာဝတီသည် သားအမိနှစ်ယောက်စာ ထမင်းဟင်းကို ယူဆောင်ခဲ့ပြီး ဇရပ်သို့ပြန်လာ၏။ သားအမိနှစ်ယောက်တည်းသာ ရှိတော့သော်လည်း သာမာဝတီသည် အသက်ကြီးသော မိခင်ကို ဦးစားပေး၏။

"အမေစားပါ၊ သမီးအတွက် ငဲ့ကွက်မနေပါနဲ့"

သာမာဝတီ၏မိခင်သည် အားရပါးရစား၏။ အားရပါးရစားသောကြောင့်လည်း သာမာဝတီ၏မိခင်မှာ အစာမကြေသောရောဂါဖြင့် ကွယ်လွန်ပြန်သည်။ သာမာဝတီမှာ တစ်ယောက်တည်း ကျန်ခဲ့တော့သည်။ မိခင်၏အလောင်းကို သဂြိုဟ်ပြီးနောက် အဖေ့ကို တပြီးငိုသည်။ အမေ့ကို တပြီးငိုသည်။ ငို၍အားရသောအခါ ထမင်းတောင်းရန် မဏ္ဍပ်သို့လာခဲ့သည်။

"ချစ်သမီး၊ ထမင်းဟင်း ဘယ်နှယောက်စာ ပေးရမလဲ"

ဆီးကြိုမေးမြန်းသူမှာ မိတ္တသူကြွယ်ပင် ဖြစ်၏။ သူသည် ထမင်းတောင်းထဲမှ ထမင်းများကို ပန်းကန်တစ်ခုဖြင့် ကော်ခပ်ထားကာ သာမာဝတီ၏အဖြေကို စောင့်၏။

"အဖေ၊ တစ်ယောက်စာပဲ ပေးပါ"

ထမင်းတွေ ကော်ခပ်ယူလာသော ပန်းကန်ကြီးသည် သူကြွယ်၏ခေါင်းမှ လွင့်ကျ၏။

"သွားသွား၊ နင့်အတွက် ထမင်းလည်း မရှိဘူး၊ ဟင်းလည်း မရှိဘူး၊ ကိုယ့်ဝမ်းရဲ့ အတိုင်းအတာတောင် မသိတဲ့မိန်းမ၊ သွားထွက်သွား"

သူကြွယ်မိတ္တ မည်သည့်အတွက် ဒေါသဖြစ်ရသနည်း။ သာမာဝတီသည် မျက်စိသူငယ်ဖြင့် ကြည့်နေသည်။

"အဖေ...ဘာဖြစ်သွားတာတုံး၊ သမီး ဘာတွေများ ပြောမှားဆိုမှား ရှိလို့ပါလဲအဖေ၊ သမီးသဘောမပေါက်လို့ပါ"

"မယ်မင်းဟာ ပထမနေ့က သုံးယောက်စာ၊ နောက်တစ်နေ့မှာ နှစ်ယောက်စာတောင်းပြီး ကနေ့ကျမှ တစ်ယောက်စာတောင်းတယ်။ ကိုယ်ဘယ်လောက်စားနိုင်သလဲဆိုတာလေးတောင် မသိဘဲ ပိုပြီးတောင်းတယ်၊ ပိုတာတွေ သွန်ကြဲပေတော့ အလဟဿဖြစ်ကုန်တယ်။ ဒါကြောင့် ကိုယ့်လမ်းရဲ့ပမာဏကိုတောင် မသိတဲ့မိန်းမ၊ သွားပေတော့ မပေးဘူး"

အရှက်အကြောက်ဖြင့် ပြည့်စုံသော အမျိုးသမီးမှာ ရင်ချိုင့်အလယ်တွင် လှံတံဖြင့်ထိုးဆွခံရဘိသကဲ့သို့လည်းကောင်း၊ အနာကို ဆားငန်ရည်ဖြင့် အလောင်းခံရဘိသကဲ့သို့ လည်းကောင်း ပြင်းပြစွာ တုန်လှုပ်ရ နာကျင်ရ၏။

"အဖေ...သုံးယောက်စာ၊ နှစ်ယောက်စာတွေဟာ ကျွန်တော်မဖို့ ယူတာမဟုတ်ပါ"

"ဘာပြောတယ်၊ ပြန်ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"အဖေ၊ ပထမနေ့က သုံးယောက်စာတောင်းတာဟာ သုံးယောက်စားဖို့ပါ။ မနေ့က နှစ်ယောက်စာတောင်းတာကတော့ နှစ်ယောက်စားဖို့ပါ။ တစ်ယောက်စာတောင်းရတာကတော့ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့တဲ့အတွက် ဖြစ်ပါတယ်"

"သုံးယောက်စာတောင်းတာ သုံးယောက်စားဖို့ဆိုတော့ နေပါဦး...မယ်မင်းက ဘယ်သူလဲ"

မိတ္တသူကြွယ်၏ အမေးရှိလာသောကြောင့် သာမာဝတီ ဘဒ္ဒဝတီမြို့မှ သားအမိသားအဖ သုံးယောက်သား ပြေးလာခဲ့ရပုံကို နောက်ကြောင်းပြန်ကာ ပြောပြသည်။ မိတ္တသူကြွယ်မှာ သာမာဝတီ၏ စကားကို ကြားရသဖြင့် ဝမ်းနည်းစွာ ငိုကြွေးရာက နှစ်သိမ့်စကားဆို၏။

"ချစ်သမီး...ဘာမျှမစိုးရိမ်နဲ့၊ ဘဒ္ဒဝတီသူဌေးကြီး ကွယ်လွန်တဲ့အချိန်ကစပြီး ချစ်သမီးဟာ ငါ့သမီးဖြစ်ပြီ"

သူကြွယ်သည် သာမာဝတီအား သူ၏သမီးများအနက် အကြီးဆုံးသမီးနေရာတွင်ထားကာ မွေးကာစား၏။

အလှူမဏ္ဍပ်မှာ ဃောသကသူဌေး၏အိမ်နှင့် မိတ္တသူကြွယ်၏ အိမ်များကြားရှိ ကျယ်ဝန်းသောမြေပြင်၌ ဆောက်လုပ်ထားခြင်းဖြစ်၏။ အလှူခံများသည် အလှူရှင်တို့၏ စေတနာ မဆုတ်ယုတ်စေရန် သတိမထားပေ။ လူစုလူဝေးဖြင့် အစုဖွဲ့ကာ အနိုင်ကျင့်သည်။ ကြမ်းတမ်းစွာ ဆဲဆိုပြီး အော်ဟစ်ရိုက်ပုတ် တွန်းထိုးကြသည်။ သို့ကြောင့် အလှူမဏ္ဍပ်မှာ အသံများဖြင့် တစ်ရံမလပ်ဆူညံနေသည်။



သာမာဝတီသည် စည်းကမ်းတကျ အေးချမ်းစွာနေလာခဲ့သော သူဌေးသမီးဖြစ်နေ၏။ ယခုအလှူမဏ္ဍပ်ထဲမှ အော်ဟစ်ဆူညံနေမှုကို မကြိုက်ပေ။ မွေးစားဖခင်အား မေး၏။

"အဖေ၊ မဏ္ဍပ်ထဲကအသံတွေတိတ်အောင် မလုပ်နိုင်ဘူးလား"

"အဖေတော့ မတတ်နိုင်ဘူးဟော့၊ ငါ့သမီးမှာ နည်းကောင်းရှိလို့လား"

"ရှိပါတယ်အဖေ၊ ရှိပေမယ့် ခက်ခက်ခဲခဲ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးအဖေ၊ မဏ္ဍပ်ကို အလုံကာလိုက်ပါအဖေ၊ အဲသည်မှာ တစ်ယောက်စာဝင်ပေါက်နဲ့ တစ်ယောက်စာ ထွက်ပေါက် ဖောက်ထားပါ အဖေ။ အဲသည်က တစ်ယောက်ချင်းဝင်၊ တစ်ယောက်ချင်းထွက်ရင် ဘာသံမျှ ကြားရမှာမဟုတ်တော့ဘူး"

ထိုအခါမှစတင်ပြီး အလှူမဏ္ဍပ်တွင်းမှာ ဆဲဆိုအော်ဟစ်သံများ ပျောက်သွား၏။ သာမာဝတီမှာလည်း ဤအကြောင်းကြောင့်ပင် သာမာဝတီဖြစ်လာရ၏။

"ထို သတို့သမီးသည် ရှေးအခါက ဇမ္ဗူရာဇ်သိင်္ဂီ နာရဏီဂီဝါ မဟာလေ့ကားပွင့်၏ အဆင်းကဲ့သို့ ဝင်းဝါသောအရောင်အသွေးရှိသောကြောင့် "သာမ"အမည်ရှိ၏။ ယခုအခါ အကာတံတိုင်း စောင်းရန်းအရံကို ပြုအပ်သည်၏အဖြစ်ကြောင့် သာမာဝတီမည်၏"ဟူ၍ဖြစ်လေ၏။

အလှူမဏ္ဍပ်ထဲက ဆဲရေးအော်ဟစ်သံများ ပျောက်ကွယ်သွားသဖြင့် သာမာဝတီ ကျေနပ်ဝမ်းသာနေသော်လည်း ဃောသိကအောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသူလည်း ရှိသေး၏။ ထိုသူကား မူရင်းအလှူရှင် ယောသ က သူဌေးကြီးပေတည်း။

အလှူမဏ္ဍပ်ထဲမှ အော်ဟစ်သံများ၊ ဆဲရေးငေါက်ငမ်းသံ များကို ယောသကသူဌေးအိမ်မှ ကြားရ၏။ သူဌေးမှာ ထိုအသံ များကို ကြားရသဖြင့် "ငါ့အလှူပါကလား၊ ငါ့အလှူက အသံ တွေပါကလား"ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏။ ယခုကြားနေကျ အသံများ ပြတ်စဲသွားသဖြင့် နေမသိထိုင်မသာ ဖြစ်ရ၏။

"ဘာဖြစ်လို့ အသံတွေ မကြားရတာပါလိမ့်၊ ဘယ်သူ ဘာ ဖြစ်လို့ပါလိမ့်"

ယောသကသူဌေးကြီးမှာ အသံများ မကြားရသဖြင့် မနေ တတ် မထိုင်တတ် ဖြစ်နေစဉ် မိတ္တသူကြွယ်သည် ဘွားခနဲပေါ် လာ၏။

"သူဌေး နေကောင်းလား"

"ကောင်းပါတယ်ဗျာ၊ ထိုင်ပါဦး"

ယောသကသူဌေးသည် ဆောင်ရွက်ဆဲကိစ္စဝိစ္စများကို ပြီး ပြတ်အောင် လုပ်ဆောင်အပြီး၌ သူကြွယ့်အနားသို့ ရောက်လာ ၏။ "သူဌေးမင်း၊ ဘာများ ခိုင်းစရာရှိလို့ပါလိမ့်"ဟု မိတ္တသူကြွယ် က ဆီးကြိုပြီးမေး၏။

"ခိုင်းစရာမရှိပါဘူး၊ မေးစရာရှိလို့ပါဗျာ"

"ဘာများပါလိမ့်၊ သူဌေးကြီး"

"ခင်ဗျားမဏ္ဍပ်ထဲမှာ လှူနေကျအလှူကို ဘာဖြစ်လို့ ဖြတ်ပစ် ရတာတုံး"



မိတ္တသူကြွယ်၏ ကိုယ်သည် နောက်သို့ယိုင်သွား၏။ ယော သကသူဌေးအား မျက်လုံးပြူးပြီး ကြည့်သည်။

"ဘယ်မှာဖြတ်လို့တုံး၊ သူဌေးကြီးရဲ့။ နေ့တိုင်း အလှူပေးမြဲ ပေးနေပါတယ်"

"ခင်ဗျားပြောတော့သာ အလှူပေးနေတယ်ဆိုပေမယ့် အလှူ မဏ္ဍပ်ထဲက ကြားရနေကျ အုတ်အုတ်ကျက်ကျက် အသံတွေ မကြားရတာ သုံး,လေးရက်ရှိပါပြီကော"

"အုတ်အုတ်ကျက်ကျက်အသံတွေ မထွက်အောင် လုပ်ထား လို့ပါ သူဌေးကြီးရဲ့"

ထိုသို့ပြောသော်လည်း ယောသကသူဌေး၏ မေးမြန်းသံမှာ ရပ်စဲမသွားသေးပေ။ ထပ်မံပြီး ဆက်လာပြန်သည်။

"ဒါနဲ့များ ကိုမိတ္တရာ၊ အရင့်အရင်တုန်းကတော့ အခုလို တိတ်ဆိတ်အေးချမ်းအောင် ဘာဖြစ်လို့ မလုပ်ခဲ့ရသတုံး"

"အဲသည်နည်းကို မသိလို့ပါ သူဌေးကြီး"

"သည်မယ် ကိုမိတ္တ၊ ကျုပ်ကို လှည့်ရှည်တယ်လို့ မထင်နဲ့ နော်၊ မေးစရာက ပေါ်လာပြန်တော့ မေးရဦးမယ်"

"မေးပါဗျာ၊ မေးပါ"

သူကြွယ်မိတ္တက ပြုံးရွှင်စွာဖြင့် လိုက်လျောစကားဆိုသည်။

"ကျုပ်ရဲ့အလှူမဏ္ဍပ်မှာ အသံတွေ ဆူညံတာကို ဟိုးအရင် ကတည်းက မဆူညံအောင်လုပ်ဖို့ ကောင်းပါလျက်နဲ့ ဘာဖြစ်လို့ မလုပ်ခဲ့သလဲမေးတော့ တိတ်ဆိတ်အေးချမ်းအောင် လုပ်တဲ့နည်း ကို မသိလို့ပါလို့ ခင်ဗျားဖြေတယ်။ အဲဒါကြောင့် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး မေးချင်တာကတော့ အနုကော ဘာပြုလို့ သိလာရကာတုံး”

“သူဌေးကြီး၊ အဲဒါ ကျွန်တော့်အစွမ်း မဟုတ်ပါဘူး”

“ခင်ဗျားအစွမ်းမဟုတ်ရင် ဘယ်သူ့အစွမ်းတုံး”

“ကျွန်တော့်သမီးရဲ့ အစွမ်းပါ သူဌေးကြီး”

ယောသကသူဌေးသည် ခေါင်းကုတ်လိုက်ပြီး “နေပါဦး ကိုမိတ္တ၊ ကျုပ်မသိတဲ့ သမီး၊ ခင်ဗျားမှာ ဘယ်နှယောက်ရှိသတုံး” မေးရလေ၏။

“ဟုတ်ပါတယ် သူဌေးကြီး၊ အဲသည်သမီးကို သူဌေးကြီး မသိသေးပါဘူး”

ထိုသို့ အစချီပြီးလျှင် မိတ္တသူကြွယ်သည် ဘဒ္ဒဝတီပြည်မှ ဘဒ္ဒဝတီသူဌေးမိသားစုမှာ အသက်ကိုလုလျက် ကောသမ္ဗီပြည်သို့ ပြေးလာကြရပုံ၊ ကောသမ္ဗီသို့ရောက်မှ ဖအေနှင့်မအေ တစ်ယောက်ပြီးတစ်ယောက် သာမာဝတီအား စွန့်ခွာသွားကြပုံတို့ကို စီကာစဉ်ကာ ပြောပြလေ၏။

“ကျုပ်အဆွေခင်ပွန်း ဘဒ္ဒဝတီရဲ့သမီးဟာ ကျုပ်သမီးပေါ့။ ဘယ်မှာလဲ အခုသွားခေါ်ခဲ့”

မိတ္တသူကြွယ်မှာ ယောသကသူဌေးအား မလွန်ဆန်နိုင်ပေ။ သမီးသာမာဝတီကို ယောသကသူဌေးထံ ခေါ်ဆောင်ပေးရ၏။ ယောသကသည် သူနှင့် ဘဒ္ဒဝတီတို့ အဆွေခင်ပွန်းဖြစ်ကြပုံများကို ရှင်းပြပြီးနောက် သာမာဝတီ၏နဖူးကို နမ်း၏။

“ငါ့အဆွေခင်ပွန်းမရှိရင် ငါ့အဆွေခင်ပွန်းရဲ့သမီးဟာ ငါ့



သမီးပဲဖြစ်ရမယ်။ ဒါကြောင့် အခုအချိန်ကစပြီး ငါ့သမီးဖြစ်ပြီ။ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေပေတော့”

သာမာဝတီသည် ဤသို့ဖြင့် ယောသကသူဌေး၏သမီးဖြစ်လာ၏။

တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့တွင် ကောသမ္ဗီပြည်ရှင် ဥတေနမင်းသည် ရေချိုးရန်ထွက်လာသော သာမာဝတီအား မြင်သဖြင့် ချစ်ခင်နှစ်သက်၏။ မိဖုရားကြီးအဖြစ် ကောက်ယူချီးမြှင့်ထား၏။ နေ့စဉ်နေ့တိုင်း ပန်းဖိုးအဖြစ် ရှစ်အသပြာ ပေး၏။

သာမာဝတီမိဖုရား၏ အခြွေအရံတို့တွင် ခါးကုန်းသောအမျိုးသမီးတစ်ယောက် ပါဝင်၏။ အမည်ကား ခုဇ္ဇုတ္တရာပေတည်း။ သာမာဝတီသည် ပန်းဝယ်ရန် ခုဇ္ဇုတ္တရာအား ထိုရှစ်အသပြာကို ပေး၏။ ခုဇ္ဇုတ္တရာလည်း နေ့စဉ်လေးသပြာခိုးပြီး ပန်းကို လေးအသပြာဖိုးသာ ဝယ်ယူခဲ့ပြီး မိဖုရားကြီးထံ ဆက်ကပ်လေ့ရှိသည်။

တစ်နေ့သော် ခုဇ္ဇုတ္တရာသည် ခါတိုင်းထက် နှစ်ဆရှိသော ပန်းများကို ဝယ်ယူဆက်သ,သဖြင့် မိဖုရားကြီးက ဝမ်းသာအားရ မေးသည်။

“အမေ...ဘုရင်မင်းမြတ်က နှစ်ဆတိုးပြီး ပန်းဖိုး ၁၆ သပြာပေးလို့ ပန်းတွေအများကြီး ဝယ်လာတာလား”

“အရှင်မ၊ မင်းကြီးက မပေးပါဘူး”

“ဒါဖြင့် ဘာပြုလို့ ပန်းတွေ ဒါလောက်များရတာလဲ”

“အရှင်မ၊ အရင်အရင်နေ့တွေတုန်းက ကျွန်တော်မဟာ လေးသပြာဖိုးပဲ ဝယ်တာကိုး”

www.burmeseclassic.com

www.burmeseclassic.com



"အမေ၊ ကနေ့တော့ ဘာပြုလို့ လေးသပြာ မခိုးတာတုံး"

"အရှင်မ၊ ကနေ့တော့ ကျွန်တော်မဟာ မြတ်စွာဘုရားရဲ့ တရားတော်မြတ်ကို ကြားနာခဲ့ရတဲ့အတွက် မကောင်းတဲ့ခိုးမှုကို ရှောင်ကြဉ်တာပါ"

မိဖုရားကြီး သာမာဝတီမှာ ခုဇ္ဇုတ္တရာအား သူခိုးမဟု ခေါက်ငမ်း ရိုက်ပုတ်ရန် သတိမရ။ တရားတော်မြတ်ဆိုသောစကားတွင် အာရုံကပ်ငြိနေသဖြင့် "အဲသည်တရားကို နာကြားပါရစေ"ဟု ပြောမိလေ၏။

ဤသို့ဖြင့် ခုဇ္ဇုတ္တရာသည် ရေမိုးချိုးကာ အဝတ်သစ် တစ်ထည်ကို ခင်း၊ တစ်ထည်ကိုခြုံထားလျက် ယပ်ကိုကိုင်ကာ တရားဟော၏။ သာမာဝတီမိဖုရားကြီး၏ အခြွေအရံအားလုံး တရားနာကြသဖြင့် ခုဇ္ဇုတ္တရာအား တောင်းပန်ကြသည်။

"အမေ၊ ကနေ့ကစပြီး ဘာမှုမလုပ်ပါနဲ့တော့၊ မြတ်စွာဘုရားရဲ့ ကျောင်းတော်ကိုသွားပြီး တရားနာပါ။ ပြန်လာတဲ့အခါ ကျွန်မတို့ကို တရားပြန်ဟောပြီး ကျွန်မတို့ရဲ့အမေ လုပ်ပါ"

ခုဇ္ဇုတ္တရာသည် ထိုအချိန်မှ အစပြုပြီး အခိုင်းအစေအရာမှ လွတ်မြောက်ကာ မိဖုရားငါးရာ၏ မိခင်အရာ၌ တည်လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

“ ခိုးသားတို့၏စိတ်ဓာတ်သည် လူ့ရှစ်လူ့ပွေဖြစ်သည်။ သူခိုး၊ ဓားပြများနှင့် အဆက်အသွယ်ရှိသူဖြစ်သည်။ သို့ရာတွင် သူသည် ကုန်သည်လူညီများနှင့် အတူပါလာသော သံယာတော်များကို ဖူးမြင်ရပြီး စိတ်ကောင်းဝင်နေချိန်ဖြစ်သည်။ ”

## မလှူရက် မပေးရက်ဖြင့်

မြတ်စွာဘုရား၏ လက်ထက်တော်က သာဝတ္ထိပြည်၌ မဟာဓန အမည်ရှိသော ကုန်သည်ကြီးတစ်ဦး ရှိပေ၏။ ထိုမြို့တွင် သူခိုးအစုအအုပ်တစ်ခုလည်း ရှိ၏။ ထိုသူခိုးများမှာ ငါးရာရှိသည်။ ထိုသူခိုးများသည် မဟာဓန ကုန်သည်၏အိမ်သို့ တိတ်တဆိတ် ဝင်ရောက်သည်။ ခိုးစရာ၊ ဝှက်စရာများကို ရှာဖွေသည်။ ကြီးမားသော လက်ဖက်'တင်'ကြီးတွေ၊ လေးလံသော ဆေး'ပုတ်'ကြီးတွေ စသည်ဖြင့် အယူရခက်သော ပစ္စည်းများသာ တွေ့သဖြင့် တစ်စုံတစ်ရာမျှ ခိုးယူနိုင်ခြင်း မရှိကြချေ။

သို့သော် ခိုးသားငါးရာသည် မဟာဓနကုန်သည်ကြီးအား အခဲမကျေကြချေ။

“ဒီတစ်ခါ မရရင် နောက်တစ်ခါ ရရမှာပေါ့ကွာ”

သို့ရာတွင် နောက်အကြိမ်များမှာလည်း ခိုးသားငါးရာသည် မဟာဓနကုန်သည်ကြီး၏အိမ်မှ အသပြာရွှေငွေများ ခိုးယူရရှိအောင် မတတ်နိုင်ကြချေ။ သို့ဖြင့် သူခိုးများသည် မဟာဓန ကုန်သည်အား မကျေမနပ်ဖြစ်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် မဟာဓနကုန်သည်ကြီးသည် သူပိုင်ဆိုင်သော လှည်းငါးရာကို အစုအဆေးခိုင်းပြီး စစ်ဆေးသည်။ ချွတ်ယွင်းချက်ရှိသော လှည်းများကို အပြင်ဆင်ခိုင်းသည်။ မဟာဓနကုန်သည်ကြီး၏ အိမ်တွင် ဆွမ်းခံသော ရဟန်းတော်များသည် မဟာဓနကုန်သည်၏ အမှုလုပ်များထံ၌ စုံစမ်းကြ၏။

"ဒါယကာတို့၊ သင်တို့တစ်တွေ ဘယ်အရပ်ကိုသွားဖို့အတွက် အခုလို စေ့စေ့စပ်စပ်ပြင်ဆင်နေကြတာတုံး"

"အရှင်ကောင်းတို့၊ တပည့်တော်တို့ဟာ ရာဇဂြိုဟ်ပြည်ကို ကုန်ရောင်းဖို့ သွားကြမှာပါဘုရား"

ထိုအချိန်တွင် ရာဇဂြိုဟ်ပြည်သို့ကြွလိုသော ရဟန်းတော်များလည်း ရှိနေရာ သူတို့သည် မဟာဓနကုန်သည်ကြီးထံ ချဉ်းကပ်တော်မူကြ၏။

"ဒါယကာ၊ သင်၏လှည်းငါးရာတို့ ရာဇဂြိုဟ်သို့ ကုန်ရောင်း ကုန်ဝယ် သွားသောအခါ၌ ငါတို့ ခရီးကြုံလိုက်ပါရစေ"

"အရှင်ဘုရားတို့ ဘယ်နှပါးပါလဲ ဘုရား"

ရဟန်းတော်များမှာ မဟာဓနကုန်သည်ကြီးထံမှ အမေးစကားရရှိမှသာ အချင်းချင်း ပြန်လည်ပြီး စာရင်းပြုစုမိကြသည်။ အရေအတွက် မနည်းလှပေ။ ရာဇဂြိုဟ်သို့ ခရီးကြုံလိုက်လိုသော ရဟန်းတော်ဦးရေမှာ ငါးရာရှိသည်။

မဟာဓနကုန်သည်ကြီးမှာ ခရီးကြုံလိုက်မည့် ကိုယ်တော်ပေါင်း ငါးရာရှိသည်ဟု သိရသောအခါ ဝမ်းသာအားရ ကတိပေး၏။



"အရှင်ဘုရားတို့... ဘာမှမကြောင့်ကြနဲ့၊ ရာဇဂြိုဟ်ကို မရောက်မချင်း ဆွမ်းကိစ္စကို တပည့်တော် တာဝန်ယူတယ်ဘုရား"

မဟာဓနကုန်သည်ကြီး ဦးစီးသော ကုန်စည်လှည်းငါးရာ ရာဇဂြိုဟ်ပြည်သို့သွားမည့်သတင်း၊ ထိုလှည်းများနှင့်အတူ ရဟန်းငါးရာ ခရီးကြုံလိုက်မည့်သတင်းသည် လူကောင်းသူကောင်းများထံသို့ ရောက်သွား၏။ ကြားရသူတိုင်း သာဓုခေါ်ကြ၏။ မဟာဓနကုန်သည် "အရတော်စွ"ဟု ကောင်းချီးပေးကြ၏။

ထိုသတင်းသည် ခိုးသားငါးရာထံသို့လည်း ရောက်သွားပြန်သည်။

"အချင်းတို့...အမြန်သွားကြစို့၊ ကိုင်စွဲသည့်လက်နက်ကို အမြန်ယူကြလော့"

ခိုးသားငါးရာတို့သည် ကုန်လှည်းငါးရာထက်စောပြီး သာဝတ္ထိပြည်မှ ထွက်ခွာသွားကြ၏။ ထို့နောက် သာဝတ္ထိမြို့မှ ခုနစ်ရက်ခရီး အကွာတွင်ရှိသော ရွာတစ်ရွာ၏အနီး တောအုပ်ကြီးတစ်ခု၌ စောင့်ဆိုင်းနေကြလေ၏။

ခိုးသားငါးရာတို့ မြို့မှထွက်သွားပြီး မကြာမီတွင် မဟာဓနကုန်သည်ကြီး၏ ကုန်လှည်းငါးရာလည်း သာဝတ္ထိမြို့မှ ထွက်လာ၏။ သို့ရာတွင် ခုနစ်ရက်မျှကြာမြင့်ချိန်တွင် ကုန်လှည်းငါးရာမှာ အချွတ်အယွင်း များလာ၏။

"ငါတို့လှည်းတွေဟာ ကျကျနန ပြင်ဆင်ထားပါလျက်နဲ့ အကျအပေါက် များနေပါကလား။ တောအုပ်ကြီးသို့ရောက်မှ တစ်စုံတစ်ရာ ချွတ်ယွင်းရင် မကောင်းဘူးဟေ့။ ဒီရွာမှာနားပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ကြစို့"

မဟာခနကုန်သည် ယုံကြည်သဖြင့် လွှဲအပ်လိုက်သော လှည်းမှူးကြီးသည် ရွာအနီးတွင် လှည်းစခန်းချလိုက်သည်။ အရံသင့်ပါလာသော ပန်းဘဲသမား၊ လက်သမားများသည် လှည်းများကို ချက်ချင်း စတင်ပြင်ဆင်တော့သည်။

ရွာ၏ အလွန်ကြီးမားသော တောအုပ်ကြီးအတွင်း၌ လုယက်တိုက်ခိုက် သတ်ဖြတ်ရန် အသင့်ပြင်ထားသော ခိုးသားငါးရာမှာ ကုန်သည်လှည်းများ "လာခဲလှ"ဟု တမျှော်မျှော် တစောင့်စောင့်ဖြစ်နေကြ၏။ လှည်းများရောက်လာသင့်သည့်ရက်၌ ရောက်မလာသောအခါ ခိုးမှူးသည် ခိုးသားတစ်ယောက်အား အစုံအစမ်း လွှတ်လိုက်၏။

ခိုးမှူးလွှတ်လိုက်သော ခိုးသားသည် တောအုပ်နှင့် နေ့ဝက်ခရီးခန့်ဝေးသောရွာသို့ ရောက်လာသည်။ မိတ်ဆွေ၏အိမ်သို့ ဝင်ရောက်ပြီး စုံစမ်းသောအခါ ဤရွာတွင် လှည်းတွေ သောင်တင်နေကြောင်း သိရသည်။ သို့အတွက် ခိုးသားသည် ကုန်သည်လှည်းများ ခရီးဆက်မည့်ရက်ကို မိတ်ဆွေမှတစ်ဆင့် စုံစမ်းပြီး ပြန်သွားလေ၏။

ခိုးသား၏မိတ်ဆွေသည် လူရှုပ်လူပွေဖြစ်သည်။ သူခိုး၊ ဓားပြများနှင့် အဆက်အသွယ်ရှိသူဖြစ်သည်။ သို့ရာတွင် သူသည် ကုန်သည်လှည်းများနှင့် အတူပါလာသော သံဃာတော်များကို ဖူးမြင်ရပြီး စိတ်ကောင်းဝင်နေချိန်ဖြစ်သည်။

"လှည်းကုန်သည်တွေ ခရီးဆက်မယ့်ရက် လာမေးတဲ့ကောင်



ဟာ ဓားပြပဲ။ သူနဲ့ အဖော်တွေ တောအုပ်ထဲမှာ အသင့်စောင့်နေမှာ သေချာတယ်။ လှည်းကုန်သည်တွေ ဓားပြအတိုက်မခံရအောင် ဘယ်လိုလုပ်ရပါ့"

ထိုလူသည် တောအုပ်သို့လိုက်သွားပြီး ဓားပြမတိုက်ရန် မေတ္တာရပ်ခံသော် ကောင်းအံ့လောဟု စဉ်းစားသည်။ သို့သော် ခိုးသားငါးရာနှင့် မကျေမလည်ဖြစ်ရန်သာရှိသဖြင့် သူသည် လှည်းမှူးထံ လာခဲ့သည်။

"လှည်းမှူးတို့ ဘယ်ရက်မှာ ခရီးဆက်မလဲလို့ လူတစ်ယောက် လာပြီးစုံစမ်းတယ်။ သူဟာ ဓားပြဖြစ်တယ်။ လူငါးရာပါတဲ့ သူတို့လူစုဟာ ရှေ့ကတောအုပ်ထဲမှာ စောင့်နေသဗျ"

"တောအုပ်ထဲဝင်ရင် အန္တရာယ်ရှိမှန်း သိနေမှတော့ ဘာပြုလို့ သွားမှာတုံး။ သာဝတ္ထိပြည်ကိုပဲ ပြန်လှည့်တော့မှာပေါ့"

ရွာနှင့် နေ့ဝက်ခရီးဝေးသော တောအုပ်အတွင်းရှိ ခိုးသားများမှာ ဓား လှံ တပြပြ၊ လေး မြား တသသ လုပ်နေသော်လည်း လှည်းကုန်သည်များ ရောက်မလာခဲ့ချေ။ တစ်ရက်သော် ကုန်သည်များ ရောက်လာနိုး၊ နှစ်ရက်သော် ရောက်လာနိုး မျှော်စောင့်ကြ၏။ သုံးရက်ကြာ၍မှ လှည်းကုန်သည်တို့၏ အရိပ်အယောင်ကို မမြင်ရလျှင် စကားပြောကြသည်။

"ခိုးမှူးလုပ်နေပြီး သတင်းတောင် မှန်အောင်မလုပ်နိုင်ရှင် ဖယ်ရှားပစ်သင့်တယ်"

မထီမဲ့မြင်စကားများကြောင့် ခိုးမှူး အမျက်ထွက်သော်လည်း သည်းခံသည်။ ရွာသို့ သူလျှို ထပ်မံစေလွှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟာမေနကုန်သည်ကြီးရဲ့ လှည်းသားငါးရာ ရောက်မလာသေးပါကလား။ ဘယ်လောက်ကြာမှ ခရီးဆက်မှာလဲ"

"ရှေ့ကတောအုပ်ထဲမှာ ခိုးသားငါးရာ စောင့်နေတာသိလို့ ခရီးမဆက်ဘဲ နောက်ကြောင်းကိုပြန်ဖို့ ပြင်ဆင်နေတယ်။ ဒါပေမဲ့ ပြင်လက်စလှည်းတွေ မပြီးသေးလို့"

သူလျှိုသည် ခိုးသားငါးရာ ပုန်းအောင်းစောင့်ဆိုင်းနေရာ တောအုပ်ထဲသို့ အမြန်ပြန်ခဲ့သည်။ ရခဲ့သောသတင်းကို ခိုးမှူးကြီးထံ အကြောင်းကြားသည်။

"မဟာမေနကုန်သည်ကြီးရဲ့ ကုန်လှည်းတွေဟာ ရှေ့က တောအုပ်ထဲမှာ လုယက်ဖို့စောင့်နေတဲ့ ခိုးသားငါးရာ ရှိနေတယ်လို့ သတင်းရတဲ့အတွက် ခရီးမဆက်တော့ဘူး၊ သာဝတ္ထိကိုပဲ ပြန်တော့မယ်တဲ့ ခိုးမှူးကြီး"

ထိုအခါတွင် ခိုးမှူးကြီးမှာ လျင်မြန်စွာ အစီအစဉ်ဆွဲရလေတော့၏။

"မဟာမေနကုန်သည်ကြီးရဲ့ ကုန်လှည်းငါးရာကို လုယက်တိုက်ခိုက်ရရင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီတောထဲကို ငါတို့ရောက်နေတာ ကြာပြီ။ မျှော်လင့်ချက်ရှိလို့ အအိပ်၊ အနေ၊ အစားဆင်းရဲခံနေခဲ့တာ။ ဒါကြောင့် မဟာမေနကုန်သည်ကြီးရဲ့ ကုန်လှည်းတွေကို လုဖြစ်အောင်လုမယ်ဟေ့။ လာကြ"

ခိုးမှူးကြီးသည် လူသွားလူလာ ကင်းပြတ်သော ညအချိန်တွင် ခိုးသားငါးရာကို တောအုပ်ထဲမှ ထုတ်ဆောင်ခဲ့သည်။ မဟာမေနကုန်သည်ကြီး၏ ကုန်လှည်းများ ရှိနေသောရွာကိုကျော်ပြီး



သာဝတ္ထိဘက်သို့ လာသည်။ မိုးလင်းခါနီးတွင် မိမိတို့စွန့်ခွာခဲ့သော တောအုပ်ကြီးထက် ကျယ်ပြောထူထပ်သော တောအုပ်ကြီးထဲသို့ ဝင်မိသည်။

"အချင်းတို့၊ အားမလျှော့နဲ့၊ မဟာမေနကုန်သည်ကြီးဟာ ရာဇဂြိုဟ်ကိုမသွားဘဲ သာဝတ္ထိကို လှည့်ပြန်လိမ့်မယ်။ ဓား၊ လှံ၊ သွေးထားကြ၊ လေး မြား ပြင်ဆင်ထားကြ"

ငယ်သားများ စိတ်ပျက်အားလျှော့ ဖြစ်မကုန်ကြစေရန် ခိုးမှူးကြီးက အားပေးသည်။ သံဃာတော် အပါးငါးရာကို နိစ္စပတ်ဆွမ်းဝတ်ပြုနေသဖြင့် လှည်းမှူးကြီးအား ကြည်ညိုနေသော သူခိုးလက်ထောက်ချသည် လှည်းမှူးကြီးအား ကြည်ညိုသည်။ ဒုက္ခဆင်းရဲမဖြစ်စေလိုသဖြင့် ချဉ်းကပ်ကာ သတင်းပေး၏။

"လှည်းမှူးကြီး ရွာကအထွက်မှာရှိတဲ့ တောအုပ်ထဲမှာ စောင့်ဆိုင်းနေခဲ့တဲ့ ခိုးသားတွေဟာ ရာဇဂြိုဟ်ကို လှည်းမှူးကြီး မသွားတော့ဘူးဆိုတာ ကြားတဲ့အတွက် အပြန်လမ်းက တောအုပ်ထဲကို ပြောင်းသွားကြပြီ။ အပြန်မှာ လုယက်ဖို့အတွက် တောအုပ်ထဲမှာ အသင့်ပြင်ထားကြလေရဲ့"

"ဟင်...ဒုက္ခပါကလား"

လှည်းမှူးသည် အခက်အခဲအမျိုးမျိုးနှင့် မကြာခဏ ကြုံဖူးခဲ့ဖြစ်ရာ အဆင်ပြေအောင် ချက်ချင်းပြုပြင်သည်။

"ဒီလိုဆိုရင်တော့ သာဝတ္ထိကိုပြန်ဖို့ မဖြစ်သေးပါကလား"

လှည်းမှူးကြီးသည် မိမိတို့လှည်းများနှင့် ခရီးကြုံလိုက်လာသော သံဃာတော်အရှင်မြတ်များထံသို့ ချက်ချင်းရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့၊ တပည့်တော်ရဲ့ လှည်းငါးရာဟာ အရောင်းအဝယ်ကိစ္စနဲ့ ရာဇဂြိုဟ်မြို့ကို သွားကြရာမှာ ခိုးသားငါးရာက လုယက်သတ်ဖြတ်ဖို့ ရွာအလွန်တောအုပ်ထဲက စောင့်နေခဲ့ကြပါတယ်ဘုရား။ ဒါကြောင့် တပည့်တော် နောက်ကြောင်းပြန်မယ် လှည်းလှပ်ရော ခိုးသားငါးရာဟာ အပြန်လမ်းမှာရှိတဲ့ တောအုပ်ထဲကို ပြောင်းရွှေ့သွားပြီး စောင့်ဆိုင်းနေကြပြန်ပါပြီဘုရား။ တပည့်တော်မှာ ရှေ့လည်းမတိုးနိုင်၊ နောက်လည်းမဆုတ်သာ ဖြစ်ပြီး ဒီရွာမှာ ကြာပါလိမ့်ဦးမယ်"

ကုန်သည်လှည်းများနှင့်ပါလာသော ရဟန်းတော်များသည် ရာဇဂြိုဟ်သို့သွားရန် မသေချာသော လှည်းသမားများကို စွန့်ခွာပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လာကြလေရာ ဆုံးမစကားတစ်ရပ် ဖြစ်ပေါ်လာလေ၏။ ထိုစကားမှာ–

"– ပစ္စည်းဥစ္စာ များစွာပါရှိ၍ ကုန်သည်အဖော်နည်းပါးသော လှည်းကုန်သည်သည် ဘေးရန်ရှိသောလမ်းကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊
– အသက်ရှင်လိုသူသည် လတ်တလော သေစေတတ်သော အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့ လည်းကောင်း၊
– ပညာရှိသောသူသည် အနည်းငယ်သောမကောင်းမှုကိုသော်ပင် ရှောင်ကြဉ်ရာ၏"ဟူ၍ ဖြစ်ပေသည်။

■




www.burmeseclassic.com

www.burmeseclassic.com

“ ဘီလူးသည် ရဲရင့်သောလူသားကို ကြောက်ရွံ့လာသည်။ ခမည်းတော်ကိုယ်စား ဘီလူးအစားခံရန် လာသည်ဆိုသော ထိုလူသားအား စားမိပါက ဘေးဒုက္ခကျရောက်လိမ့်မည် ထင်နေ၏။ ”

# အဖေ့အတွက် အသက်ပေးသောသား

ရေးလွန်လေပြီးသောအခါက ကပိလတိုင်း ဥတ္တရပဉ္စာလမြို့၌ ‘ဇယဒိသမင်း’ သည် မင်းပြုတော်မူ၏။ ထိုမင်း၏သားတော်ကား ‘အလီနသတ္တု’ ဖြစ်၏။ ပြည့်ရှင်မင်းသည် သားတော်အား အမျိုးမြတ်သော မင်းသမီးတစ်ဦးနှင့် ထိမ်းမြားပေးပြီးနောက် အိမ်ရှေ့မင်းအရာကို အပ်နှင်းထားလေ၏။

ဇယဒိသမင်းသည် သမင်ကစားရန် ဝါသနာပါသဖြင့် မကြာခဏ သမင်ပေါသည့်တောသို့ တောကစားထွက်လေ့ရှိသည်။ သနေ့လည်း သမင်ကစားထွက်ရန်အတွက် ဝါသနာတူသော အမတ်များနှင့် အိမ်တော်တွင် ချိန်းဆိုထားသည်။ ဇယဒိသမင်းသည် မြားတောင့်ကိုလွယ်၊ လေးကိုဆွဲလျက် ထွက်လာသည်တွင် တံခါးစောင့်က လျှောက်ထားသည်။

“အရှင်မင်းကြီး တက္ကသိုလ်ပြည်ကလာတဲ့ ပုဏ္ဏား တစ်ယောက်က အရှင်မင်းကြီးကို တွေ့ခွင့်တောင်းနေပါတယ်ဘုရား”

“ဘာကိစ္စတဲ့လဲ”

“မြင့်မြတ်သောကိစ္စလို့ ပြောပါတယ်ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ခေါ်ခဲ့"

ဘုရင်မင်းမြတ်သည် မြားတောင့်နှင့်လေးကို ချထားသည်။ ညောင်စောင်းတစ်ခုသို့ ရွှေ့ပြောင်းထိုင်သည်။ တစ်ခဏအတွင်း၌ ရှေ့တော်သို့ ပုဏ္ဏားငယ်တစ်ယောက် ရောက်ရှိလာသည်။

"အရှင်မင်းကြီး ကောင်းချီးမင်္ဂလာနဲ့ ပြည့်စုံပါစေသတည်း"

"ငါ့ကိုတွေ့ချင်တယ်ဆိုတာ မောင်မင်းလား၊ ဘာကိစ္စလဲ"

"မြင့်မြတ်တဲ့ ကိစ္စပါဘုရား"

"မောင်မင်းအမည် ဘယ်သို့ခေါ်သတုံး"

"ကျွန်တော်မျိုးအမည် နန္ဒပါဘုရား"

"ကောင်းပြီ နန္ဒပုဏ္ဏား၊ မောင်မင်းရဲ့ မြင့်မြတ်သောကိစ္စကို တင်စေ"

"ကျွန်တော်မျိုးဟာ တစ်ဂါထာလျှင် အသပြာတစ်ထောင် ထိုက်တဲ့ ဂါထာလေးပုဒ်ကို တက္ကသိုလ်ပြည်မှ သင်ယူ တတ်မြောက်ခဲ့ပါတယ်ဘုရား။ အရှင်မင်းမြတ်ဟာ ဒီလိုမြင့်မြတ်တဲ့ ဂါထာများကို ယုံကြည်ကြောင်း သိတဲ့အတွက်"

ဘုရင်မင်းမြတ်က လက်ကာပြသဖြင့် ပုဏ္ဏားမှာ စကားကို ဆုံးအောင် မပြောရချေ။

"သာဓု ပုဏ္ဏား၊ သာဓု...သာဓု။ သို့သော် တောကစားထွက်အံ့ဆဲဆဲ ကာလကြီးမှာ တရားနာရင် တရားတော်မှာ အာရုံရောက်ဖို့ မလွယ်ဘူး။ ဒါကြောင့် တောကစားရာက ပြန်လာမှ သာ အေးအေးဆေးဆေး နာကြားပါရစေ"

"အရှင်မင်းကြီး ကျွန်တော်မျိုး..."



ဤတစ်ကြိမ်တွင်လည်း ပုဏ္ဏားမှာ ပြောလိုသောစကားကို ဆုံးသည်အထိ ပြောခွင့်မသာပေ။ ပြည့်ရှင်မင်းက လက်ကာပြရင်း အိမ်တော်ဝန်ကို လှမ်းခေါ်သည်။

"ဒီပုဏ္ဏားကို အိပ်ရာနေရာပေးပါ။ ရေမိုးအချိုးခိုင်းပြီး ထမင်းကျွေးထားပါ။ ငါပြန်မလာမချင်း ဘယ်မှမသွားပါစေနဲ့"

"ကောင်းလှပါပြီ ဘုရား"

ဇယဒိသမင်းသည် စိုက်လက်ပေါ်ပါးစွာဖြင့် ထရပ်ပြီး မင်းချင်းတစ်ဦးကို လက်ဆွဲယမ်းပြသည်။ မင်းချင်းက တံပိုးကို ဆူညံစွာ မှုတ်သည်။ ဟိုချောင် သည်ချောင်ဝင်နေသော မှူးမတ်များ ထွက်ပေါ်လာသည်။ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော အိမ်တော်ကြီးမှာ မြင်းဟီသံ၊ တံပိုးသံများဖြင့် ဆူညံနေသည်။

တစ်ခဏအတွင်း၌ ပြည့်ရှင်မင်းဦးဆောင်သော တောကစားသူများသည် တောအုပ်တစ်ခု၏ အစပ်သို့ ရောက်လာကြသည်။

"ချသုံးကောင်ကို စည်းကာပြီး ဝိုင်းထားပါတယ်ဘုရား"

ကြိုတင်ပြီး အစီအစဉ်လုပ်ထားသော မှုဆိုးက လျှောက်ထား၏။

"အရှင်မင်းကြီး အမိန့်ရှိလျှင်ရှိချင်း တောခြောက်ပါမယ်ဘုရား"

"စ,ပေတော့ မောင်မင်း"

ပြည့်ရှင်မင်းသည် လေးတွင် မြားတပ်လိုက်ကာ အသင့်ပြင်ရင်း အမိန့်ပေး၏။ တစ်ခဏအတွင်း ဟေးဟူး အော်သံများ၊ ခုံပုတ်ချုံနွယ်များကို ခြောက်လှန့်ရိုက်ပုတ်သံများ ပေါ်မှဒီမှာ အနံ့

www.burmeseclassic.com

www.burmeseclassic.com



အပြား စီးထွက်ပေါ်လာ၏။

ဇယဒိသမင်းသည် ကျေနပ်စွာ နောက်ကြောင်းပြန်လာ၏။ သို့သော် သူ၏မြင်းမှာ လွန်စွာမောပန်းနေသဖြင့် ပညောင်ပင်ကြီး တစ်ပင်အောက်သို့ ဝင်ရောက်ခိုနား၏။ ပညောင်ပင်အရိပ်၌ နိုမိရုံ ရှိသေးသည်။ ကြီးမားသော ဘီလူးကြီးတစ်ကောင်က စားဖြင့် အုပ်မိုးထား၏။

"ငါ့ပိုင်နက်ထဲဝင်တဲ့အတွက် ငါ့အစာဖြစ်ပြီ"

"ကနေ့အဖို့တော့ ငါ့မှာပါတဲ့ ယောဒိချေကိုပဲစားပြီး အာသာဖြေပါ။ ငါ တောကစားထွက်ခါနီးမှာ ပုဏ္ဏားတစ်ယောက်ဆီမှာ တစ်ဂါထာကို အသပြာတစ်ထောင်ပေးပြီး လေးဂါထာ တရားနာပါမယ်ဆိုပြီး ပုဏ္ဏားကို အိမ်တော်မှာ ထားခဲ့တယ်။ ဒါကြောင့် တရားနာပြီးမှ ပြန်လာပြီး အစားခံပါရစေ"

ဘီလူးသည် ပြည့်ရှင်မင်းအား စူးစိုက်ကြည့်၏။

"ကတိတည်မှာလား"

"တရားနာပြီးရင် ပြန်လာပြီး အစားခံမယ်လို့ ငါ ကတိပေးတယ် ဘီလူး"

"ကောင်းပြီ၊ သွားတော့"

ချေစည်းကာရံထားသောနေရာတွင် အမတ်တွေ စောင့်ဆိုင်းနေကြသည်။ ဘုရင်မင်းမြတ်၏ အဖြစ်အပျက်ကို ကြားရသောအခါ အချင်းချင်း အပြစ်တင်ကြသည်။ သို့သော် အမှုမှာ လွန်ခဲ့ပြီဖြစ်သဖြင့် ကတိအတိုင်း ဆောင်ရွက်ရန်သာ ရှိတော့သည်။

သို့ဖြစ်၍ နောက်တစ်နေ့တွင် ဇယဒိသမင်းသည် အမတ်



ပေါင်း ခြံရံလျက် နန္ဒပုဏ္ဏားထံ၌ ဂါထာလေးပုဒ်ကို ရိုသေစွာ နာကြားပြီးနောက် အိမ်ရှေ့မင်း အလီနသတ္တုအား ရှေ့တော်သို့ ခေါ်တော်မူသည်။

"ချစ်သား အလီနသတ္တု၊ တိုင်းပြည်ကို မင်းအဖြစ် ကောင်းစွာအုပ်ချုပ် မင်းလုပ်တော့"

ရှင်ဘုရင်၏သားတိုင်း ပြည့်ရှင်မင်းအဖြစ်ကို တောင့်တသော်လည်း ယခုကဲ့သို့ တုံးတိကြီးလွှဲပေးသောအခါ အိမ်ရှေ့မင်း မသကာ။ အကျိုးအကြောင်း စုံစမ်းမေးမြန်းတော့မှ ဘီလူးနှင့် ကတိပြုခဲ့သည့်အကြောင်းသည် ပေါ်ပေါက်လာ၏။

"ခမည်းတော်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်မှုမှာ အသားကျနေပါပြီ။ ဒါကြောင့် ဘီလူးဆီကို သားတော်ပဲသွားပါရစေ"

ဇယဒိသမင်း လက်မခံပါ။ အလီနသတ္တုမင်းသားကလည်း ဖခင်ကိုယ်စား ဘီလူးထံသွားပါရစေ၊ အကြိမ်ကြိမ် အထပ်ထပ် တောင်းပန်သည်။ မင်းကြီးကလည်း အခါခါ အလီလီ ငြင်းပယ်သည်။ နောက်ဆုံးတွင်ကား ဇယဒိသမင်း လက်လျှော့လိုက်ပြီး ဘီလူးထံသို့သွားရမည့် ခရီးလမ်းကို ညွှန်ပြသည်။

အလီနသတ္တုမင်းသားသည် ဘီလူးထံလာခဲ့၏။ ဘီလူးသည် မင်းသားဘက်သို့ ကျောခိုင်းလျက် ထိုင်နေသည်။

"အို...ဘီလူး ယမန်နေ့က သင့်ထံက ထွက်ခွာသွားတဲ့ ငါ့ခမည်းတော်အစား ငါလာရောက်တာ ဖြစ်တယ်"

လူသားစားသော ဘီလူးသည် ထိတ်လန့်စွာမော့ကြည့်၏။ အသက်သေမည်ကိုသိပါလျက် မကြောက်ရွံ့သော လူသားကို

www.burmeseclassic.com

www.burmeseclassic.com



အံ့သြစွာတွေ့ရ၏။

“အသင်က ဘယ်သူလဲ၊ မနေ့က ငါ့အစာ ဘယ်မှာလဲ”

“မနေ့တုန်းက သင်ဘီလူးထံက ကတိခံပြီး ထွက်သွားတာ ငါ့ခမည်းတော်ဖြစ်တယ်။ ငါက ခမည်းတော်ရဲ့ကိုယ်စား ဘီလူးအစားခံတဲ့ သူ့သားပဲ”

ဘီလူးသည် ရဲရင့်သောလူသားကို ကြောက်ရွံ့လာသည်။ ခမည်းတော်ကိုယ်စား ဘီလူးအစားခံရန် လာသည်ဆိုသော ထိုလူသားအား စားမိပါက ဘေးဒုက္ခကျရောက်လိမ့်မည်ထင်နေ၏။

“ကောင်းပြီ၊ ထင်းရှာပြီး မီးမွှေးစမ်း၊ မီးအမွှေးခိုင်းတာက သင့်ကိုသတ်ပြီး ကင်စားဖို့ဖြစ်တယ်”

ဘီလူးက ထိုသို့ပြောခြင်းမှာ အလီနသတ္တုမင်းသား ထွက်ပြေးစေရန်ဖြစ်၏။ သို့ရာတွင် မင်းသားသည် ထင်းကို ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းပြီး မီးမွှေးသည်။ ဘီလူးက ကျောပေးပြီး ငေးမောနေသော်လည်း မင်းသားသည် ထွက်မပြေးပေ။ ထိုသို့ ထွက်မပြေးသည့်အတွက် ဘီလူးမှာ ပိုပြီးအံ့သြကြောက်ရွံ့လာသည်။

“မင်းကို ငါမစားချင်ဘူး၊ ငါစားချင်တာက မင်းအဖေပဲ၊ သွား၊ ပြန်တော့”

အလီနသတ္တုမင်းသားသည် ဘီလူးကို စူးစမ်းသောအကြည့်ဖြင့် ကြည့်သည်။ ဤဘီလူးကား ဖနောင့်မတိုပါတကား။ ဤဘီလူးကား နှာယောင်မကောက်ပါတကား။ ထိုသို့ ဘီလူးတို့၏ ရုပ်မြဲအင်္ဂါရပ်များနှင့် မညီညွတ်သော ဘီလူးကိုကြည့်ရင်းက ခမည်း



တော် မိန့်ဖူးသောစကားကို သတိရ၏။

“ဘီလူးမဟာ နှောင်တော်နှစ်ပါးကိုတော့ နန်းတော်ထဲမှာပဲ ကုပ်ချိုးပြီးစားတယ်၊ တတိယနှောင်တော်ကိုတော့ ယူပြေးတယ်”

ခမည်းတော် ဇယဒိသမင်း၏စကားအရ ဤဘီလူးသည် ဘီလူးမ မွေးစားထားသော လူသားဦးရီးတော် ဖြစ်ဖွယ်ရှိသည်။

“အို...ဘီလူး၊ သင်ဟာ ကျွန်ုပ်ရဲ့ဦးရီးတော် လူသားပဲ၊ ဥတ္တရပဉ္စာလမြို့ကို လိုက်ပြီး မင်းပြုပါတော့၊ သင်ဟာ ဘီလူးမဟုတ်ဘူး”

“ငါဟာ ဘီလူးဖြစ်တဲ့အတွက် မင်းလုပ်ဖို့ မလိုဘူး၊ အသင်ထွက်သွားပါ”

“အသင်ဟာ ဘီလူးအစစ်ဖြစ်ကြောင်း သက်သေအထောက်အထားပြပါ”

ရိုင်းစိုင်းကြမ်းကြုတ်စွာနေခဲ့သော ဘီလူးသည် အလီနသတ္တုမင်းသားကြောင့် ဖောက်ပြားချော်ချွတ်ခဲ့ရသည်တွင် ဘီလူးမဟုတ်၊ လူဖြစ်သည်ဟု စွပ်စွဲခံရသည်။ ဘီလူးမှာ တွေဝေလာရသည်။ ထိုမျှသာမက ဘီလူးဖြစ်ကြောင်း သက်သေဆောင်းနေရပြန်ပြီ။

“ဟိုဘက်တောမှာ ဒိဗ္ဗစက္ခုရှင် ရသေ့ရှိတယ်၊ သူဟာ ငါ့ရဲ့သက်သေပဲ”

“လာ...အဲဒီရှင်ရသေ့ဆီ သွားမယ်”

ဘီလူးမဟုတ်ဟု အစွပ်စွဲခံရသော်လည်း လူသားစားသူဖြစ်သောကြောင့် ပေါရိသာဒဖြစ်နေသော ဘီလူးသည် အလီနသတ္တု

www.burmeseclassic.com



မင်းသားကို ဒိဗ္ဗစက္ခုရှင်ရသေ့ သိတင်းသုံးရာအရပ်သို့ ခေါ်လာခဲ့ရလေ၏။

"အလို... တူဝရီးပါကလား၊ တူဝရီးတစ်တွေ တောထဲမှာ ဘာအကြောင်းနဲ့ လျှောက်သွားနေကြတာလဲ"

ထိုစကားအရ အလီနသတ္တုမင်းသားသည် မည်သည့်အတွက် ဤသို့ခေါ်ရပါသနည်းဟု ရှင်ရသေ့ထံ မေးလျှောက်၏။ ရသေ့၏အဖြေမှာ အလီနသတ္တုမင်းသား ကြားဖူးသည့်အတိုင်းပင်ဖြစ်သည်။ သို့အတွက် ဘီလူးမှာ ဘီလူးမဟုတ်၊ အလီနသတ္တုမင်းသား၏ ဦးရီးတော်ဖြစ်နေသည်။

ပေါရိသာဒသည် မိမိ လူဖြစ်ကြောင်း လက်ဆုပ်လက်ကိုင်ပြနိုင်သူ ပေါ်လာသောအခါ လူစိတ်ဝင်လာလေသည်။ ပြုခဲ့ပြီးသော မကောင်းမှုများအတွက် ယူကျုံးမရဖြစ်ကာ ဒိဗ္ဗစက္ခုရရသေ့ထံတွင် ရသေ့ရဟန်းပြုတော့သည်။

ကပိလတိုင်း၊ ဥတ္တရပဉ္စာလမြို့ရှိ ရွှေနန်းတော်ကြီးမှာ အိမ်ရှေ့မင်း ဘီလူးအစားခံရသောကြောင့် ဝမ်းနည်းညှိုးငယ်ကာ တိတ်ဆိတ်နေ၏။ ထိုအချိန်တွင် သေပြီဟု ထင်ခံရသော အိမ်ရှေ့မင်း ဘွားခနဲရောက်သွား၏။ တစ်နန်းတော်လုံး ငိုသူငို၊ ရယ်သူရယ်ဖြင့် ရုန်းရင်းဆန်ခတ် ဖြစ်နေတော့၏။

ဇယဒိသမင်းသည် နောင်တော်တစ်ပါး ပေါရိသာဒဘဝမှ ရသေ့ရဟန်းပြုသွားကြောင်း ကြားသိရသဖြင့် ဝမ်းသာစွာ သာဓုခေါ်နေလေသည်။

■



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

“ ဘုရင်မင်းကြီးသည် သူ့တိုင်း၊ သူ့နိုင်ငံ စည်ပင်ဝပြောစေချင်၏။ သို့ကြောင့် အမတ်များတင်လျှောက်သမျှဖြင့် ကျေနပ်မနေဘဲ သူကိုယ်တိုင်ထွက်၍စနည်းနာလေသည်။ ”

# ဝေဒနာအန်ရာ သစ်ပင်

တစ်ရံရောအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်မင်းမြတ်တစ်ပါး ထီးနန်းစိုးအုပ်လျက် မင်းလုပ်တော်မူ၏။ ထိုဘုရင်မင်းကြီးသည် သူ့တိုင်း၊ သူ့နိုင်ငံ စည်ပင်ဝပြောစေချင်၏။ သို့ကြောင့် အမတ်များ တင်လျှောက်သမျှဖြင့် ကျေနပ်မနေဘဲ သူကိုယ်တိုင် ထွက်၍ စနည်းနာလေသည်။

စနည်းနာသည်ဆိုခြင်းမှာ ရှင်ဘုရင်အား လူထုက မည်သို့ သဘောထားသနည်း။ မူးမတ်တွေကို ပြည်သူပြည်သားများက အကောင်းပြော,မပြော လိုက်လံနားထောင်ခြင်းဖြစ်၏။

သို့အတွက် ပြည့်ရှင်မင်းသည် ညဉ့်အခါတွင် ဆင်းရဲသားယောင် ဆောင်လျက် ရွှေမြို့တော်အတွင်းသို့ ထွက်လာခဲ့၏။ သူနှင့် အဖော်တစ်ယောက်သာပါ၏။ ထိုသူမှာ သစ္စာရှိသော ငယ်ကျွန်အမတ်ကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မရေ၊ မိုးနှောင်းသာမှန်ရင် ငါတို့ယာက နှမ်းဟာ အခုထက် ပိုပြီးထွက်သဟေ့"

အိမ်တစ်အိမ်ရှေ့၌ ဘုရင်နှင့် ငယ်ကျွန်တို့ ရပ်မိလျှင် ကြားရသောအသံဖြစ်၏။ ထိုအခါတွင် 'မိုးသုံးပါးညီမျှမှန်ကန်ကြောင်းပါ ဘုရား"ဟူသည့် တင်လျှောက်ချက်မှာ လိမ်လည်ကြောင်း ဘုရင် သိသွားလေ၏။

"အကျိုးနည်းတော်၊ တစ်နေ့လုံး လျှာကြီးထွက်အောင် ရှာပါမှ ဉသျှစ်သီးကလေး ဆယ်လုံးပဲ ရခဲ့တာကို မြို့တံခါးစောင့်က ငါးလုံးပေးရမယ်ဆိုလို့ ရှိခိုးဦးတင်နှင့် သုံးလုံးပေးခဲ့ရသတော်"

ဘုရင်မင်းမြတ်သည် မှောင်ထဲ၌ ခေါင်းညိတ်၏။

"နိုင်လိုမင်းထက် လုပ်နေကြပါကလား"ဟု သဘောပေါက်၏။

သို့လျှင် ပြည့်ရှင်မင်းနှင့် နောက်ပါတို့သည် တစ်လမ်းပြီးတစ်လမ်း၊ တစ်ကွက်ပြီးတစ်ကွက် လှည့်လည်ခဲ့ကြ၏။ ညဉ့်နက်ချိန်တွင် မြို့စွန်တစ်နေရာသို့ ရောက်လာကြ၏။ မိန်းမတစ်စုပျော်ရွှင်စွာ တေးဆိုရင်း ဆန်ဖွပ် မောင်းထောင်းနေကြသည်ကို တွေ့ရ၏။

မိန်းမတစ်ယောက် ဆန်ဖွပ်မောင်းကို ထောင်းနေရာသို့ မိန်းမကြီး,ငယ် ပျို,အို စသည်များ လာရောက်ကူညီနေကြခြင်းဖြစ်၏။ ရံဖန် တေးဆိုလိုက်၊ ရံဖန် ရယ်မောလိုက်ဖြင့် ထောင်းနေကြစဉ် သင်းမွှေး ချိုမြသော ရနံ့တစ်ခုသည် ဘုရင့်ထံ ဝေ့ဝဲလာသည်။

ထိုအနံ့မှာ ဖွံ့နုနံ့ဖြစ်သည်။ မောင်းဦးတွင် ဆန်ပြာနေသည်။ ဤနေရာမှအနံ့ဖြစ်သည်။ ပြည့်ရှင်မင်းမှာ ထိုအနံ့ကို ရှူရှိုက်မိသည့်ခဏ၌ သွားရည်တမြားမြားကျလာတော့သည်။

"ငါ ဘယ်လိုဖြစ်ပါလိမ့်"

ပြည့်ရှင်မင်းမှာ သူ့ကိုယ်သူ မယုံနိုင်အောင် ဖြစ်ရတော့သည်။ ဆန်ပြာနေသည့်နေရာတွင် ခွေးပိန် ခွေးညှော် သုံး,လေးကောင်ရှိသည်။ သူတို့သည် မြေပေါ်သို့ကျလာသော ဖွံ့နုမှုန်များကို လျှာဖြင့် တို့ကာ တို့ကာ စားနေကြသည်။

ခွေးတွေစားနေသည်ကို မျက်ဝါးထင်ထင် မြင်နေရစေကာမူ ဘုရင်မင်းမြတ်မှာ ဖွံ့နုစားလိုစိတ်ကို ဖျောက်၍မရ။

"အရှင်မင်းကြီး၊ ရှေ့ဆက်ဦးမလား၊ ရွှေနန်းတော်ကို ပြန်လည် ကြွချီတော့မလား ဘုရား"

အဖော်က တီးတိုးမေးလျှောက်၏။

"ရှေ့လည်းမဆက်၊ ပြန်လည်း မပြန်ဘူး၊ ဟောဟိုအမယ်အိုပြာထုတ်နေတဲ့ ဖွံ့နုတွေကို ငါ စားချင်တယ်"

လူယုံတော်မှာ ပက်လက်လန်မတတ် အံ့သြရသည်။

"ကိုယ်တော့်နှယ်၊ ဘုန်းရှင် ကံရှင် ရေမြေ့သနင်း ပြည့်ရှင်မင်းဖြစ်ပြီး ခွေးစာ ဝက်စာကို စားချင်ရတယ်လို့"

"ဘာပဲဖြစ်ဖြစ် မစားရရင် မနေနိုင်ဘူး မောင်မင်း၊ သည်ဖွံ့နုကိုမှ ငါ မစားရရင် သေများ သေမလားမသိဘူး"

"ရွှေဉာဏ်ရှင် ဆင်ခြင်တော်မူပါဘုရား၊ ဒါဟာဖြင့်..."

"ဆက်ပြီးမတင်နှင့် မောင်မင်း၊ သွား...သွား...ခွေးတွေကို မောင်းလွှတ်"



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဖွပ်သူများ လူစုကွဲသွားပြီ။ ဆန်ပြာသောအမယ်အိုလည်း ဆန်ဖွပ်မောင်းကို အုပ်ဆိုင်းထားခဲ့ပြီး မီးခွက်တစ်လက်ဖြင့် ထွက်ခွာသွားပြီ။ သို့စဉ်တွင် ဘုရင်မင်းမြတ်က ငေါက်ငမ်းသောအခါ ငယ်ကျွန်ကြီးမှာ မောင်းနားသို့ပြေးလာပြီး ခွေးတွေကို ရိုက်ပုတ်လွှတ်ရသည်။

လူယုံတော် အမတ်ကြီး၏ နောက်ပါးမှ ပါလာသူကား ရွှေနန်းရှင်ပင်တည်း။ သူသည် မြေပေါ်တွင် လေးဘက်ထောက်၏။ မှုန်မှုန်ပါးပါးမျှသာ တင်ကျန်နေသော ဖွဲနု မွှေးမွှေး ချိုချို မြမြကလေးတွေကို ကုန်းကာ ကုန်းကာ လျှာဖြင့်လျက်နေလေတော့၏။

"ခွေးနှင့်အပြိုင် လုလုယက်ယက်ပါကလား မင်းတရားကြီးရယ်"

လူယုံတော်အမတ်မှာ သူ့အရှင်သခင်ကို မသက်မသာကြည့်ကာ ညည်းတွားမိသည်။ သို့ရာတွင် အေးအေးမနေရသေး။ ဓားကို စွဲလျက် လှသူလေးပါးကို ကျိုးကန်းတောင်းမှောက် ကြည့်ရှုစောင့်ကြပ်ရသေးသည်။ မတော်တဆ သူ့အရှင်သခင် ခွေးနှင့်အပြိုင် ကုန်းကုန်းကြီး ဖွဲနုလျက်နေသည်ကို ဆင်းရဲသား ကျွန်တော်မျိုးတွေ မြင်သွားခဲ့သော် မခက်လော။

ပြည့်ရှင်မင်းသည် ဆန်ဖွပ်မောင်း၏ မောင်းခွက်ဝန်းကျင်ရှိ ဖွဲနုတွေကို ပြောင်စင်အောင်စားပြီးကာမှ မတ်တတ်ရပ်၏။

"တယ်လည်း အရသာရှိပါပေတယ်"ဟု မိန့်ဆိုတော်မူသည်။



"နံ့သာသင်းထားတဲ့ သလေးဆန်ကို တစ်စေ့ချင်း ရွှေဇာဂနာနှင့် ရွေးပြီး ချက်ရတဲ့ ပွဲတော်စာကို သုံးဆောင်တဲ့ ဘုရင်ရင့်မာကြီးက လေးဘက်ထောက်ပြီး ဖွဲနုစားရတယ်လို့ ကိုယ်တော်ရာ"

အပြန်လမ်းတွင် လူယုံအမတ် ညည်းတွားသည်။

"သည်အကြောင်းကို အရှင် နန်းမတော်ကြီးသာ သိတော်မူရင်..."

ဘုရင်မင်းမြတ်သည် ဓားအိမ်မှဓားကို ထုတ်လျက် အမတ်၏ ဦးခေါင်းပေါ်တွင် မိုးထားလိုက်သည်။

"မောင်မင်း၊ သည်ကိစ္စကို နည်းနည်းမှ မပေါက်ကြားစေရဘူး"

"မှန်ပါ၊ မပေါက်ကြားစေရပါဘူး"

"အခုအချိန်ကစပြီး မေ့ပစ်လိုက်စမ်း"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

"သိုးသိုးသန့်သန့် နည်းနည်းကလေး ပေါက်ကြားတာနှင့် တစ်ပြိုင်နက် သေပြီမှတ်"

"စိတ်ချတော်မူပါ ဘုရား၊ စိုးရိမ်နှောင့်လို့ ကြောင့်ကြတော်မမူပါနှင့်ဘုရား"

အမတ်ကြီးသည် နှုတ်လုံ၍ သစ္စာရှိသောကြောင့် ဘုရင်မင်းမြတ်က ယုံကြည်စိတ်ချ၏။ သို့ကြောင့် သူ၏ကတိကို အကြွင်းမဲ့ ယုံကြည်စိတ်ချသွားတော်မူလေ၏။

သို့သော် လူ့ဝါသနာမှာ ဆိုးရွား၏။

မည်သူမျှမသိသည်ကို ကိုယ်သိကြောင်း ကြွားဝါချင်တတ်

www.burmeseclassic.com



၏။ နားထောင်နေသူလည်း အကျိုးမရှိ၊ ကိုယ်လည်း အကျိုးမရှိ ပါဘဲလျက် လျှောက်ပြောချင်ကြ၏။

လူယုံတော်အမတ်ကြီးမှာလည်း ဤဝါသနာရှိ၏။

“မင်းတို့ ဘာတွေ ဘယ်လောက်ပဲသိသိ၊ ငါ့လောက် မသိပါဘူး၊ ငါတို့ဘုရင်ကြီး ဖွဲ့နုစားတယ်၊ ကဲ...”

သို့လျှင် လူထုထု၌ပြောလိုက်ရလျှင် ကြားရသူတွေ ပါးစပ်ပြဲ၊ မျက်လုံးပြူးကုန်ကြလိမ့်မည်။ မည်မျှအရသာရှိမည်နည်း။ သို့ရာတွင် တစ်ဖက်တွင် ဘုရင်မင်းမြတ်၏ သစ္စာတော်ကိုခံယူထားသူဖြစ်သည်။ သစ္စာရှိရမည်မဟုတ်သလော။ မိမိတို့ ဘိုးစဉ်ဘောင်ဆက်သည် သစ္စာရှိသူတွေ။

သို့ကြောင့် အမတ်ကြီးမှာ ဘုရင်ကြီး ဖွဲ့နုစားကြောင်း မယားကိုပင် မပြောရဲပေ။ ယင်းသို့ မပြောနိုင်၊ မပြောဝံ့လေလေ ပြောချင်လေလေ။ ကြာမြင့်လာသောအခါ အမတ်ကြီးမှာ စိတ်နှစ်မျိုး၏ ကြားတွင် ဖိညှပ်ခံနေရ၏။ စားလည်းသည်စိတ်၊ အိပ်လည်းသည်စိတ် လွှမ်းမိုးနေရာ မစားနိုင်၊ မအိပ်နိုင်သည်အထိ ဖြစ်လာတော့သည်။

ထိုသို့ မချိမဆံ့ ဖြစ်လွန်းလာသော တစ်နေ့၌ အမတ်ကြီးသည် တောနက်ထဲသို့ ထွက်လာခဲ့၏။ သစ်ပင်ကြီးတစ်ပင်တွင် ကြီးမားသော အခေါင်းကြီးဖြစ်နေသည်ကို တွေ့ရသည်။ အမတ်သည် သစ်ခေါင်းထဲသို့ ခေါင်းကိုသွင်းထားလိုက်သည်။

“ဘုရင်ကြီး ဖွဲ့နုစားတယ်ဟေ့၊ ဘုရင်ကြီး ဖွဲ့နုစားတယ်ဟေ့”

မောပန်းပြီး ဆက်လက်မအော်နိုင်တော့မှ အမတ်သည် သစ်



ခေါင်းထဲမှ ခေါင်းထုတ်၍ အိမ်သို့ ရွှင်လန်းစွာပြန်လာခဲ့လေ၏။ အမတ်မှာ ထိုအချိန်မှစတင်ပြီး စားဝင်အိပ်ပျော် ဖြစ်သွားလေ၏။

နှစ်အတန်ကြာသွားပြီ။

တစ်နေ့သောအခါ ရွှေနန်းတော်ကြီး၌ မင်္ဂလာစည်တော် အသစ်လဲလှယ်ဖို့ လိုအပ်လာသည်။ ပညာရှိများသည် တောထဲလှည့်လည်ပြီး မင်္ဂလာသစ်ပင်ကို ရှာဖွေကြရာ အထက်ပါသစ်ပင်ကို တွေ့ရှိရွေးချယ်ကာ ခုတ်လှဲကြ၏။

ထိုသစ်ပင်ကို ယူဆောင်လာကာ ထွင်းထုပြီး သားရေကြက်ကြ၏။ မင်္ဂလာစည်ကြီး ပြီး၍ အသံမည်သို့ရှိသနည်း သိလိုသဖြင့် စမ်းသပ်တီးကြ၏။ စည်သည် သားရေလျော့လျှင် ဘတ်ဘတ်၊ တင်းလျှင် ဒိန်းဒိန်း မြည်လေ့ရှိပေသည်။

သို့ရာတွင် အမတ်ကြီး၏ ဝေဒနာအန်ချရာသစ်ပင်ကို လုပ်ထားသော စည်ကြီးကမူ–

“ဘုရင်ကြီး ဖွဲ့နုစားတယ်ဟေ့”

တစ်ချက်တီးလျှင် တစ်ခါမြည်သဖြင့် ဆက်ပြီးမတီးရဲတော့ဘဲ နောက်ထပ်အသစ်တစ်လုံး ထပ်မံလုပ်ဆောင်ကြရတော့သည်။

■

www.burmeseclassic.com



www.burmeseclassic.com

❝ ကုန်းသမား၏ ဦးခေါင်းကို မြို့ကွပ်၏လူများ မြေမြှုပ်ပစ်ပြီးနောက် မကြာမြင့်မီ ထိုနေရာမှ ထူးဆန်းသော သစ်ပင်တစ်ပင် ပေါက်လာ၏။ ထိုအပင်သည် လက်များ ဆန့်ကားထားသည့်အလား လက်တွေ ပြာဝေနေသောကြောင့် ထူးဆန်း၏။ ထိုအပင်မှ သီးသော အသီးမူ ပို၍ထူးဆန်း၏။ ထိုအသီး၏ အပေါ်ခွံ အခွံပွ၏အောက်တွင် မာကျောသော အခွံတစ်ထပ် ပါသေးသည်။ ထိုအခွံမာတွင် လူ့မျက်လုံးနှစ်လုံး နှင့် ပါးစပ်သဏ္ဌာန်အရာများ ထင်ရှားစွာပါရှိ၏။

သို့အတွက် ကုန်းသမား၏ ဦးခေါင်းကို မြှုပ်နှံသောနေရာမှ ပေါ်ပေါက်လာသော အသီးဖြစ်သောကြောင့် ထိုအသီးကို 'ကုန်းသီး' ဟု လူအများခေါ်တွင်ကြ၏။ ကာလရွေ့လျောလာချိန်တွင်မူ ကုန်းသီးမှ 'အုန်းသီး' ဖြစ်လာလေတော့သည်။ ❞

# ကုန်းသမား၏အသီး

တစ်ရံရောအခါက ရေအိုင်ကြီးတစ်အိုင်၏သောင်တွင် ကြီးကျယ် စည်ကားသော မင်းနေပြည်ကြီးတစ်ခု တည်ရှိခဲ့လေ၏။ ထိုရေအိုင်ကြီးမှာ မြစ်များ ချောင်းများ အဆုံးသတ်ရာအရပ် ဖြစ်၏။ မြစ်ညာ ချောင်းညာအရပ်မှ ရေမျှောလွှတ်လိုက်သော အစာဝတ်သားများသည် မင်းနေပြည်ကြီးသို့ ရောက်ရှိလာကြသဖြင့် ပြည့်ရှင်မင်းနှင့် မှူးမတ်များမှာ စိတ်ညစ်နေကြရလေသည်။

ဤမင်းနေပြည်တွင် ခရီးဆုံးကာ သောင်တင်သူများအနက် အချို့သည် နောင်တရပြီး လူကောင်းသူကောင်း ဖြစ်သွားကြ၏။ အချို့မှာသော် ဆိုးသွမ်းမြဲ ဆိုးသွမ်းနေကြရာ မင်းနေပြည်ကြီးအတွက် မကောင်းမှုများ တိုးပွားလာတော့သည်။

သို့ဖြစ်၍ ပြည့်ရှင်မင်းမှာ မင်းမိန့်တစ်ရပ် ထုတ်ပြန်ထားရှိလေတော့၏။ ထိုမင်းမိန့်ကား–

www.burmeseclassic.com



"မည်သူမဆို လူစိမ်းသူစိမ်းများပါသော လှေ၊ ဖောင်၊ သစ်တုံးများ ရွှေပြည်တော်သို့ ဆိုက်ရောက်လာပါက သက်ဆိုင်ရာသို့ လျင်မြန်စွာ အကြောင်းကြားရမည်"ဟူ၍ ဖြစ်ပေသည်။

ထိုအမိန့်တော် ထွက်ပေါ်လာပြီးနောက် ရေဘူး၊ သစ်တုံး၊ ဖောင်၊ လှေ၊ အိုး စသည်တို့ဖြင့် ရောက်ရှိလာသော ရာဇဝတ်သားများမှာ ချက်ချင်းအဖမ်းခံရသည်။ မြို့ကွပ် မြို့ချုပ်များက သေချာစွာ စစ်ဆေးပြီးနောက် ထောင်သွင်းသင့်သူကို သွင်း၊ နှင်ပစ်သင့်သူကို ကုန်းလမ်းဖြင့်နှင်၍ ကွပ်သင့်သူကို ကွပ်မျက်ပစ်သည်။

တစ်နေ့တွင် ရွှေပြည်တော်သို့ ဖောင်တစ်စင်းဆိုက်ရောက်လာသည်။ ဖောင်ပေါ်တွင် လူသုံးယောက်ပါလာသည်။ အထက်အညာ မြို့တစ်မြို့မှ ရေမျှောပြစ်ဒဏ် စီရင်ခံရသူများဖြစ်၏။ အမှုထမ်းများသည် ထိုသူများကို မြို့ကွပ်ထံ ပို့ဆက်ကြသည်။ မြို့ကွပ်၏ ရုံးတော်က စစ်ဆေးသောအခါ ထိုသူများမှာ–

စုန်းကဝေအဖြစ် နာမည်ကြီးသူနှင့် သူခိုး၊ ကုန်းသမားတို့ ဖြစ်ကြောင်း သိရှိရလေ၏။

မြို့ကွပ်ပါဝင်သော ခုံသမာဓိအဖွဲ့လည်း ထိုသုံးဦးအား အောက်ပါအတိုင်း စီရင်၏။

"စုန်းကဝေသည် စားရမဲ့ သောက်ရမဲ့ဖြစ်သောကြောင့် စားရသောက်ရရန် အလို့ငှာ နှောင့်ယှက်ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသူအား ရင်းနှီးလုပ်ကိုင်စားသောက်နိုင်ရန် မြေယာနှင့် အရင်းအနှီးများ ထုတ်ပေးစေ"

သူခိုးကိုလည်း ထိုနည်းတူပင် ခုံသမာဓိအဖွဲ့က သုံးသပ်ပြီး



လျှင် မြေယာနှင့် အရင်းအနှီးများထုတ်ပေးသည်။ သို့ပါလျက်နှင့် ခိုးမှု ကျူးလွန်သော် အဆုံးစီရင်စေ။

"ကုန်းသမားမှာကား လူတစ်ဦးတစ်ယောက်အား အထင်မှားစေရန် မတော်မတရား လုပ်ကြံပြောဆိုသူဖြစ်၏။ ချစ်သူချင်း အထင်လွဲစေရန်၊ သာမန်လူအချင်းချင်း မုန်းတီးစေရန် ယုတ်မာသော ဗီဇစိတ်ဖြင့် ကုန်းချောခြင်းဖြစ်၏။ ထိုယုတ်မာမှုသည် ချမ်းသာမှု၊ ဆင်းရဲမှုနှင့် မသက်ဆိုင်၊ ပင်ကိုစိတ်၏ ယုတ်မာမှုနှင့်သာ ဆိုင်၏။ ထိုသူအသက်ရှင်နေသမျှ ကာလပတ်လုံး သူတစ်ပါး၏ ချစ်ခင်ညီညွတ်ခြင်းကို ဖျက်ဆီးနေမည်သာ ဖြစ်၏။ ထို့ကြောင့် ကုန်းသမားအား ကွပ်မျက်စေ"

အာဏာပါးကွက်သားတို့သည် မြို့ကွပ်ခုံရုံးတော်၏ အမိန့်နှင့် အညီ ရွှေညည့်သည် ကုန်းသမားကို အဆုံးစီရင်ကြ၏။ ထိုသူ၏ အလောင်းကို မြင်သူတိုင်း 'ကုန်းတိုက် ချောပစ်'သူတို့၏ သွားရာလမ်းကား ဤလမ်းပါတကားဟု သိရှိကြောက်ရွံ့ကြစေရန် သုသာန်တွင် ပစ်ထားကြ၏။

အာဏာပါးကွက်သားများ ထွက်သွားကြ၍ မကြာမြင့်မီ မြင်းသည်တော်တစ်ဦးသည် သုသာန်ကိုဖြတ်၍သွားမိသည်။

"ဟဲ့ကောင် ရပ်စမ်း၊ ငါ့ဆီ လာစမ်း"

မြင်းသည်တော် လှည့်ကြည့်၏။ ကုန်းသမား သူသေဖြစ်နေ၏။

"နင်တို့ ဘုရင်ကို သံတော်ဦးတင်လိုက်၊ ငါ့ဆီကိုလာရင် လာ၊ မလာရင် နန်းတော်ထဲကို ငါလာမယ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းသည်တော်မှာ စကားပြောသောသူသေကို ဤတစ်ကြိမ်သာ တွေ့ဖူးသည်။ အတိတ်တလန့်ဖြင့် မြင်းကို စိုင်းသွားသည်။ ဘုရင့်ရှေ့တော်သို့ အဆောတလျင်ဝင်ကာ သံတော်ဦးတင်သည်။

ဘုရင်မင်းမြတ်လည်း မဖြစ်ဖူးမြဲ ထူးကဲသောအခြင်းအရာကို ရှုစားရန် အခြေအရွေမျိုး ခြံရံလျက် သုသာန်သို့ ကြွရောက်တော်မူလာ၏။ မြင်းသည်တော် ညွှန်ပြသော ကုန်းသမား၏ အလောင်းကို ညွှန်ပြ၏။ ကုန်းသမားမှ လုံးဝမလှုပ်ရှားချေ။

သို့ဖြစ်သဖြင့် မြင်းသည်တော်မှာ မတော်မလျော် သံတော်ဦးတင်မှုဖြင့် အကျဉ်းချထားခြင်း ခံရလေတော့၏။

သို့ရာတွင် ကုန်းသမားအလောင်းကောင်၏ ပယောဂဖြင့် အကျဉ်းခံရသူမှာ မြင်းသည်တော်တစ်ဦးတည်း မဟုတ်ချေ။ သုသာန်ထဲမှ ဖြတ်သန်းသွားမိသော မင်းမှုထမ်း နှစ်ကျိပ်ကျော်မှာ ခုနစ်ရက်အတွင်း၌ ထောင်သွင်းအကျဉ်းချထားခြင်း ခံကြရသည်။

ထိုသို့ မင်းမှုထမ်း နှစ်ကျိပ်ကျော်တို့ ကုန်းသမားကြောင့် အကျဉ်းခံနေရကြောင်း မြို့ကွပ်မင်း ကြားသိသောအခါ—

"ဒီကုန်းသမားဟာ အသက်ရှင်တုန်းသာ သူတစ်ပါးကို ဒုက္ခပေးတာ မဟုတ်ဘူး၊ သေပြီးတဲ့နောက်မှာတောင် သူတစ်ပါးကို လိုက်လံ ဒုက္ခပေးနေတယ်၊ ဆက်လက် ဒုက္ခမပေးနိုင်အောင် မြေမြှုပ်ပစ်ကြစေ"ဟု အမိန့်ပေးလိုက်ရလေတော့၏။

ကုန်းသမား၏ ဦးခေါင်းကို မြို့ကွပ်၏လူများ မြေမြှုပ်ပစ်ပြီးနောက် မကြာမြင့်မီ ထိုနေရာမှ ထူးဆန်းသောသစ်ပင်တစ်ပင်



ပေါက်လာ၏။ ထိုအပင်သည် လက်များ ဆန့်ကားထားသည့်အလား လက်တွေဖြာဝေနေသောကြောင့် ထူးဆန်း၏။ ထိုအပင်မှ သီးသော အသီးမှ ပို၍ထူးဆန်း၏။ ထိုအသီး၏ အပေါ်ခွံ အခွံပွ၏ အောက်တွင် မာကျောသော အခွံတစ်ထပ် ပါသေးသည်။ ထိုအခွံမှာတွင် လူ့မျက်လုံးနှစ်လုံးနှင့် ပါးစပ်သဏ္ဍာန်အရာများ ထင်ရှားစွာပါရှိ၏။

သို့အတွက် ကုန်းသမား၏ ဦးခေါင်းကို မြှုပ်နှံသောနေရာမှ ပေါ်ပေါက်လာသော အသီးဖြစ်သောကြောင့် ထိုအသီးကို 'ကုန်းသီး'ဟု လူအများခေါ်တွင်ကြ၏။ ကာလရွေ့လျောလာချိန်တွင်မူ ကုန်းသီးမှ 'အုန်းသီး'ဖြစ်လာလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

❝ တပည့်ထဲမှ ငွေသုံးပိဿာ လက်ခံရယူထား၏။ သုံးနှစ်လုံးလုံး အခြားတပည့်များနှင့်တန်းတူ ပညာသင်ပေးခဲ့၏။ တစ်စုံတစ်ခုမျှ မည်မည်ရရမတတ်။ ဤအတိုင်း ပြန်သွားသော် ဘာတစ်ခုမျှ မတတ်သူဖြစ်မည်။ ထိုသူ၏ပညာပါရမီ နုံနဲ့လွန်းပုံကို မသိသူများက အတင်းပြောကြမည်။ ❞

## သုံးပိဿာတန်သောစကား

ဉာဏ်ထိုင်းသောလုလင်သည် ဒိသာပါမောက္ခဆရာကြီးထံ၌ [illegible]နှစ်သုံးမိုး ပညာသင်ကြားသော်လည်း ပညာမတတ်ချေ။ ဓား [illegible] လေးမြားအတတ်၊ ဆင်စီး မြင်းစီးအတတ်ကို မတတ်သည့် [illegible]တူ ဂဏန်းသချ်ာအတတ်၊ ဆေးဝါးအတတ်ကိုလည်း မတတ် [illegible]တ်သေး။

သို့သော် သုံးနှစ်ပြည့်မြောက်၍ အခြားတပည့်များ နေရပ်ဒေသ [illegible]သီးသို့ပြန်ရန် ပြင်ဆင်ကြသောအခါ သူလည်း ပြင်ဆင် [illegible] အခြားတပည့်များ ကန်တော့ကြသည့်နည်းတူ သူက [illegible] ဆရာကို ကန်တော့သည်။

www.burmeseclassic.com



ထိုအခါ ဆရာကပြော၏။

"ဒီပြင်လူတွေက ပညာတတ်လို့ပြန်ကြတာ မင်းက ပြန်တော့မလို့လား၊ ဘာမှလည်း မတတ်ပါကလား"

"ကျွန်တော့်ကံပေါ့ဆရာရယ်"

"သုံးနှစ်လောက် ထပ်နေနိုင်ရင် ကောင်းမယ်ကွယ်"

"သားမယားကို ခွဲခွာလာရတာ ၅ နှစ်ရှိပါပြီဆရာ၊ အပြန်ခရီးမှာလည်း ၂ နှစ်လောက် ကြာဦးမှာမို့"

ထိုအခါ ဒိသာပါမောက္ခဆရာကြီး စဉ်းစားရပြီ။

သူသည် ထိုတပည့်ထံမှ ငွေသုံးပိဿာ လက်ခံရယူထား၏။ သုံးနှစ်လုံးလုံး အခြားတပည့်များနှင့်တန်းတူ ပညာသင်ပေးခဲ့၏။ တစ်စုံတစ်ခုမျှ မည်မည်ရရမတတ်။ ဤအတိုင်း ပြန်သွားသော် ဘာတစ်ခုမျှ မတတ်သူဖြစ်မည်။ ထိုသူ၏ပညာပါရမီ နုံနဲ့လွန်းပုံကို မသိသူများက အတင်းပြောကြမည်။

"တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးဆီမှာ ငွေသုံးပိဿာ ပူဇော်ပြီး သုံးနှစ်သုံးမိုး ပညာသင်တာတောင် ဘာမျှ မတတ်ခဲ့ဘူးဟေ့။ မင်းတို့သားတွေကို ပညာသင်ဖို့ လွှတ်မနေနဲ့"

မဆင်မခြင်ပြောကြသောကြောင့် လူအများနစ်နာတော့မည်။

"အေးကွယ် ပြန်တာတော့ ပြန်ပေါ့။ ဒါပေမဲ့ စကားသုံးခွန်းတော့ ရအောင်သင်သွားဦး။ အဲဒါမှမရရင်တော့ မပြန်ရဘူး"

လုလင်သည် သားမယားထံသို့ ပြန်ချင်ဇောကြောင့် ကြိုးစားပြီး သင်ယူမှတ်သားရာ ခုနစ်ရက်မြောက်နေ့တွင် ကျေညက်စွာ ရလေ၏။



ထိုစကားသုံးခွန်းမှာ–

"ဆိပ်ကမ်းသာယာ ရေမချိုးနဲ့။

မအိပ်မနေ အသက်ရှည်။

မစူးစမ်း မဆင်ခြင်ဘဲ မလုပ်နှင့်..."စသည်တို့ဖြစ်ပေ၏။

လုလင်သည် ဆရာထည့်ပေးလိုက်သော ရိက္ခာထုပ်ကိုထမ်းကာ ဆရာသင်ပေးလိုက်သော စကားများကို တတွတ်တွတ်ရွတ်လျက် ပြန်လာခဲ့သည်။ နေဝင်ချိန်သို့ ရောက်လျှင်ရောက်ချင်း သူသည် အိပ်စရာနေရာရှာ၏။ သစ်ပင်ကြီးကြီးမားမားရှိလျှင် သစ်ပင်ပေါ်သို့တက်ပြီးအိပ်မည်။

သို့ရာတွင် ခပ်လှမ်းလှမ်းနေရာ၌ ဇရပ်တစ်ဆောင်ရှိသည်။ ထို့ကြောင့် လုလင်သည် ဇရပ်သို့လာခဲ့သည်။ မောမောပန်းပန်းနှင့် လှဲချလိုက်ရာ တစ်ခဏအတွင်း၌ အိပ်ပျော်သွားတော့သည်။

လုလင် တစ်ရေးနိုးချိန်ဝယ် တစ်လောကလုံး မှောင်ပိန်းနေသည်။ တိတ်ဆိတ်နေသည်။ လုလင်သည် ပျားဖယောင်းတိုင်ဖြင့် မီးထွန်းပြီး မသိုးထမင်း၊ မသိုးဟင်းများကို စားသည်။ စားပြီးလျှင်ပြီးချင်း ပြန်လှဲပြီးမှ သတိရသည်။

"မအိပ်မနေ အသက်ရှည်သတဲ့"

ဖယောင်းတိုင်ကို ထမှုတ်မည်စိတ်ကူးစဉ် ခြေသံကြားသောကြောင့် ဓားကိုကိုင်လျက် အိပ်ချင်ယောင်ဆောင်နေ၏။ ခြေသံရှင်သည် လုလင်၏ခြေထောက်ကို လာဆွဲ၏။ လုလင် ထပြီး ဓားဖြင့်မိုးသည်။ ဘီလူးမကြီးပါတကား။

ဘီလူးမသည် သူ့အသက်ကို ချမ်းသာပေးပါရန် တောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ငွေတစ်ထောင်ပါသောအထုပ်ဖြင့် ကန်တော့သွားသည်။ လုလင်သည် ဆရာ့ကြောင့် ဘီလူးအစားမခံရပါတကားဟု တက္ကသိုလ်ပြည်ဘက်သို့ ရည်မှန်းရှိခိုးသည်။

လုလင်သည် တစ်မြို့ဝင်တစ်ရွာထွက် တစ်တောင်ဆင်း တစ်တောင်တက်ဖြင့် ခရီးဆက်ခဲ့ရာ တစ်နေ့တွင် မြစ်ဆိပ်တစ်ခုသို့ ရောက်လာ၏။ အခြားသူတွေ ပျော်ပျော်ပါးပါး ရေချိုးနေကြသဖြင့် သူလည်း ရေချိုးချင်လာ၏။

"ဆိပ်ကမ်းသာယာ ရေမချိုးနဲ့တဲ့"

အသပြာတစ်ထောင်တန်သော့စကားကို သတိရသဖြင့် လုလင်သည် ခြေခင်းလက်ခင်း မသာယာသောနေရာသို့သွားပြီး ရေချိုးသည်။ ရေချိုးအပြီးတွင် သူသည် အသပြာထုပ်ကို မေ့ထားခဲ့သည်။ ခရီးအတော်ပေါက်မှ ပြန်ပြေးလာပြီး ရှာသောအခါ နေရာမပျက် တွေ့သည်။ ထို့ကြောင့် ဆရာကို ရှိခိုးမိပြန်သည်။

၂ နှစ်မှ တစ်ရက်စွန်းသောနေ့တွင် လုလင်သည် နေရင်းဇာတိသို့ ပြန်ရောက်လာသည်။ ၇ နှစ်ကြာမျှ ကွဲကွာနေ၍ တစ်ကြောင်း၊ လုလင်မှာလည်း ခရီးပြင်းလာရသဖြင့် ညှိုးချုံး မည်းသည်းသည်ကတစ်ကြောင်း၊ နေ့လယ်နေ့ခင်း အားလပ်ချိန်ယူနေကြသည်က တစ်ကြောင်းကြောင့် လုလင်ပြန်လာသည်ကို မသိကြ။

"ဒါ ငါ့အိမ်၊ ငါ့အိမ်ကိုပြန်ရောက်ပြီ"

လုလင်သည် အိမ်ထဲသို့ ဝမ်းသာအားရ ပြေးဝင်သည်။ အိမ်ပြင်မှ လှမ်းပြီးအသံမပြုခြင်းမှာ ဇနီးသည်နှင့်သားတို့ အံ့သြ



ခံသာစေချင်၍ ဖြစ်သည်။ သို့သော် လုလင်မှာ ဟင်ခနဲမြည်ကာ နောက်သို့ဆုတ်မိသည်။ အိမ်ခန်းတွင်း၌ မြင်လိုက်ရသော မြင်ကွင်းကြောင့်ဖြစ်သည်။

လုလင်ကြီး မြင်ရသောမြင်ကွင်းမှာ သူ့ဇနီးသည်သည် နုနယ်ပျိုမျစ်သော လုလင်ငယ်တစ်ယောက်နှင့် ဘေးချင်းယှဉ်လျက် အိပ်ပျော်နေခြင်းဖြစ်သည်။ လုလင်ကြီးမှာ ဓားကိုဆွဲထုတ်မိသည်။

"ပညာကို စိတ်ချလက်ချ သင်ချေပါ။ ကျွန်မကို စိတ်ချပါလို့ ငါ့မှာ တက္ကသိုလ်ကိုတောင်သွားပြီး ပညာသင်ရတယ်၊ သူကတော့ လင်ငယ်နဲ့"

လုလင်ကြီးသည် နှစ်ယောက်စလုံးကို ခုတ်ပိုင်းပစ်ရန် ဓားကို မြှောက်ပြီး ညင်သာစွာခြေနင်းလျက် ဝင်ရောက်လာစဉ် ဆရာကြီး၏အသံကို ကြားရ၏။

"မဆင်ခြင် မစူးစမ်းဘဲ မပြုလုပ်ရာ"

သူသည် ဓားဖြင့်မိုးမြဲ မိုးထားလျက် ဇနီးသည်ကိုနှိုး၏။

"ဟင်...ရှင် ဘယ်တုံးက ပြန်ရောက်သလဲ။ အသားတွေလည်း မည်းလို့ပါကလား။ ထမင်းမစားရသေးဘူးမဟုတ်လား"

သို့သော် ဓားကြီးမိုးထားသဖြင့် ဝမ်းသာအယ်လဲဖြစ်မှုမှာ ထိယ်တော့စေကာမူ ဘေး၌အိပ်ပျော်နေသောသားကိုမူ နှိုးမိတော့၏၊

"သား...သား ထပါဦး၊ မင်းအဖေ ပြန်လာပြီ"

"ဟုတ်လားအမေ၊ ဟာ...အဖေပြန်လာပြီ"

လုလင်ငယ်သည် လူးလဲထပြီး ဝမ်းသာအားရ ပြေးဖက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဓားကို လွှတ်ချပြီး တက္ကသိုလ်ပြည်ရှိ ဆရာကို ရှိခိုးမိပြန်၏။ သူ့သားသည် သူ အိမ်မှထွက်ခွာစဉ်က ရှစ်နှစ်သား။ ၇ နှစ်ကြာသော ယနေ့အချိန်တွင် ၁၅ နှစ်သား လူပျိုပေါက်ကလေး။

ဆရာ့စကားကိုသာ သတိမရလျှင် မတွေးဝံ့စရာပါတကား။

■



www.burmeseclassic.com

www.burmeseclassic.com

## ရက်တက်ရည် ဝယ်ကြမလား

နှောင်းအခါတွင် တက္ကပဏ္ဏိတဟု အမည်တွင်မည့် ရသေ့ငယ်သည် ဂင်္ဂါမြစ်အနီးတွင် ကျောင်းဆောက်ပြီး နေသည်။ သာသနာ့ပအခါ ဖြစ်သော်လည်း ထိုရသေ့သည် ဈာန်သမာပတ်ရရှိသဖြင့် ဈာန်ချမ်းသာကို ခံစားလျက် ချမ်းသာစွာနေထိုင်သည်။

ရသေ့အကျင့်ဖြင့် ချမ်းသာစွာနေထိုင်သော ရသေ့ကလေး၏ဘဝမှာ မမျှော်လင့်သော နေ့တစ်နေ့၌ အနည်မှုန်များ ထလာလေ၏။ အနည်မှုန်များကား ဂင်္ဂါမြစ်ထဲက အော်သံဖြစ်၏။

"ကယ်တော်မူကြပါရှင်၊ ကယ်တော်မူကြပါ"

တစ်ခုသော ညနေခင်းအချိန်တွင် ရသေ့ကလေး ရေခပ်ဆင်းလာ၏။ ဝါးကျည်တောက်ထဲသို့ ရေဖြည့်အပြီးတွင် မုန်တိုင်းကျလာသည်။ မုန်တိုင်းနှင့်အတူ သည်းထန်သောမိုးလည်း ပါလာ



သည်။ ရသေ့ငယ်သည် မိုးလွတ်ရာသို့ ဝင်ရောက်ကာ မိုးခိုနေစဉ် မြစ်ထဲမှအော်သံပေါ်လာသည်။

"ကယ်တော်မူကြပါရှင်၊ ကယ်တော်မူကြပါ"

မိန်းမတစ်ယောက်၏ အော်ဟစ် အကူအညီတောင်းသံ ဖြစ်သည်။

ရေချိုးနေစဉ် မုန်တိုင်းမိခြင်းလော၊ မြစ်ကိုဖြတ်ကူးနေစဉ် မုန်တိုင်းမိကာ မျောပါလာခြင်းပေလောမသိ။

ရသေ့ငယ်မှာ ငယ်စဉ်ကတည်းက ရသေ့ပြုလာသူဖြစ်သည့်အတွက် မာတုဂါမလော ပုရိသလော မသိပေ။ ကယ်တော်မူကြပါ အော်ခြင်းသည် အကူအညီလို၍ အကူအညီတောင်းခြင်းသာဖြစ်သည်ဟု နားလည်သည်။ ရေစီးသန်ပြီး ပြင်းထန်သော လှိုင်းတံပိုးများ ထကြွနေသည့် ဂင်္ဂါမြစ်ထဲသို့ ရသေ့ကလေး ဆင်းသည်။ အသံရှင်ကို ဆယ်ယူခဲ့သည်။

ရေစီးတွင်မျောပါလာသော ထိုမာတုဂါမတွင် အဝတ်ချည်းနီးဖြစ်ကြား ရသေ့ငယ်၏ သီလသည် မကျိုးပေါက်ချေ။ သူသည် မာတုဂါမ မီးလှုံရန် မီးဖိုပေးသည်။ စားရန် အစာအာဟာရများကို မီးဖိုဘေးတွင် ချပေးသည်။

သီလရှိသော ဈာန်ရသေ့ ကယ်ဆယ်သောကြောင့် သေဘေးမှ လွတ်လာသော မာတုဂါမသည် ထိုရသေ့စောင့်ရှောက်သဖြင့် ကျန်းမာချမ်းသာသည်။ ရသေ့ကို ကျေးဇူးတင်ရန်ဖြစ်သော်လည်း မာတုဂါမသည် ကျေးဇူးမတင်ပေ။

မာတုဂါမမှာ ဗာရာဏသီပြည်မှ သူဌေးသမီးဖြစ်၏။ သူ့

www.burmeseclassic.com

www.burmeseclassic.com



အား မြစ်ရေထဲမှ ကယ်တင်ပေးသော ရသေ့ကလေးမှာ ဗာရာဏသီကို မသိပေ။ သို့အတွက် သူဌေးသမီးမှာ ဗာရာဏသီနှင့် မည်မျှဝေးသောနေရာသို့ ရောက်နေသည်၊ ဗာရာဏသီသို့ မည်သည့်လမ်းမှသွားရသည် စသည်တို့ကို ရသေ့ငယ် မသိပေ။ သူဌေးသမီး မည်သို့ပြန်မည်နည်း။ မပြန်တတ်ပါ။

သူဌေးသမီးသည် မိုးနိုအားထားစရာ ရရေးအတွက် ရသေ့ကလေးကို ဖျက်ဆီးသည်။ ရသေ့ကလေးမှာ ဈာန်သမာပတ်ကွယ်ပျောက်ရုံမက သီလပါပျက်စီးပြီး ရသေ့လူထွက်ဘ၀သို့ ကူးပြောင်းရောက်ရှိလာလေ၏။

"ရှင်မဟာ အခု လူဖြစ်လာပြီ။ သစ်သီးသစ်ရွက်တွေချည်း စားနေလို့ မဖြစ်ဘူး။ လူတွေနေတဲ့ လူ့ရပ်လူ့ရွာကို သွားကြစို့"

သူဌေးသမီး နှစ်ကြိမ်မပြောရ။ တစ်ကြိမ်ပြောဖြင့်ပင် ရသေ့လူထွက်လေးမှာ ကောက်ကောက်ပါအောင် လိုက်ပါလာပြီး ဖြစ်ချေသည်။ သို့သော် ငယ်စဉ်ကတည်းက မြင့်မြတ်သော ရသေ့ဘ၀သို့ ရောက်လာသူဖြစ်သဖြင့် အသက်မွေးဝမ်းကျောင်းပညာ တစ်စုံတစ်ခုမျှ မတတ်မြောက်ပါ။ အသက်မွေးဝမ်းကျောင်းပညာ မတတ်သော်လည်း ဝမ်းရေးအတွက် ရှာဖွေရမည်။

ဤသို့ဖြင့် ရသေ့လူထွက်ကလေးမှာ 'ရက်တက်ရည်' ရောင်းချပြီး အသက်မွေးရ၏။ ထိုအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အစွဲပြုလျက် သူ့အား "တက္ကပဏ္ဍိတ"ဟု လူတို့က ခေါ်ကြ၏။ သူသည် သူ့ဘ၀ကို ကျေနပ်စွာဖြင့် သူဌေးသမီးအား လုပ်ကျွေးစောင့်ရှောက်နေ၏။



တစ်ညသော် တက္ကပဏ္ဍိတတို့နေသောရွာကို ဓားပြများ ဝင်ရောက်စီးနင်းကြတော့သည်။ ဓားပြအင်အားမှာ အလွန်ကြီးမားများပြားသောကြောင့် ရွာသားများမှာ လက်လွတ်ထွက်ပြေးကြသည်။ ထွက်မပြေးနိုင်သော၊ လွတ်အောင်မပြေးနိုင်သော ရွာသားများ အဖမ်းခံရသည်။

ဓားပြများသည် တစ်အိမ်တက်ဆင်း ရွာလုံးကျွတ် မွှေနှောက်သည်။ လိုချင်သည်များကို လုယက်ယူငင်ကြသည်။ အနည်းငယ်မျှစီကို ယူငင်သည်ပင်ဖြစ်ဆေဦး အိမ်ခေါင်းများပြားသည့်အတွက် ပစ္စည်းများကို ဓားပြများ မနိုင်မနင်း ဖြစ်လာသည်။ ထို့ကြောင့် လုရာပါပစ္စည်းများကို သူတို့ဖမ်းဆီးထားသော ရွာသားများအား အထမ်းခိုင်းသည်။

ဤဓားပြများကား သစ္စာမရှိ၊ စည်းကမ်းလည်း မရှိကြချေ။ အခြားသော ဓားပြအချို့မှာ စည်းကမ်းရှိ၏။ ပစ္စည်းကိုသာ ယူသည်။ လူကိုမူကား လက်ဖျားဖြင့်သော်မျှ မတို့ချေ။ ဤဓားပြကား ရွာလုံးကျွတ် ဓားပြတိုက်အပြီး၌ အရွယ်ကောင်း အမျိုးသမီးများကိုပါ ခေါ်ဆောင်လာကြ၏။ ဓားပြအဖမ်းခံရသော အမျိုးသမီးများထဲတွင် တက္ကပဏ္ဍိတ၏ဇနီးလည်း ပါသည်။ မူလက သူဌေးသမီးဖြစ်ခဲ့သည့်အတွက် ကျေးတောသူများ၏အလယ်တွင် သူ့ရုပ်သွင်မှာ ထင်းနေသည်။ ခိုးမှူးဓားပြကြီး မျက်စိကျတော့သည်။

မည်းမည်းသည်းသည်း တောသူတွေ၊ ညိုညိုညစ်ညစ် ကျေးရွာသူတွေထဲတွင် ဗာရာဏသီမြို့သူ သူဌေးသမီးမှာ အလွန်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ခိုးမှူးကြီးက မြတ်နိုး၏။ တက္ကပဏ္ဍိတနှင့် ပေါင်းသင်းနေထိုင်စဉ်က မမြင်ဖူးသော ကျောက်မျက်ရတနာ လက်ဝတ်တန်ဆာများ ဝတ်ဆင်ရ၏။ ရသေ့လူထွက်၏ မယားအဖြစ်ဖြင့် မစားခဲ့ရသော အစာများကို စားရ၏။

အခြားမိန်းမများသည် မပြေးသာ၍ နေရသော်လည်း မိမိလင်သားကို အစဉ်သတိရ၏။ ထွက်ပြေးနိုင်ခွင့်ကို ရှာကြံနေကြ၏။ အနိုင်ကျင့်ကာ ပေါင်းသင်းနေသူများအား အလွန်မုန်းတီး၏။ သို့သော် ဗာရာဏသီသူဌေးသမီးမှာ ဤသို့မဟုတ်ပေ။

"ငါမဝတ်ဖူးတဲ့ အဝတ်တွေ ဆင်ယင်ပေးတဲ့ ကျေးဇူးရှင်ကြီး၊ ငါမစားဖူးတာတွေ ကျွေးမွေးဖော်ရတဲ့ ကျေးဇူးရှင်ကြီး"

ဗာရာဏသီသူဌေးသမီးသည် ရောက်ရာဘဝ၌ ပျော်သည်။ လက်ရှိဘဝကို သာယာသည်။ သူ့လက်ထဲရှိ ရွှေငွေကျောက်သံပတ္တမြားတွေကိုကြည့်ပြီး ဝမ်းသာနေသည်။

"ဒါတွေကို အရင်းအနှီးပြုပြီး ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက်ရင် ဖြစ်တာပဲ။ ဓားပြလုပ်ဖို့ မလိုပါဘူး။ ဒီအရပ်ကလူတွေနဲ့တော့ ဝေးမှဖြစ်မယ်။ ဝေးမှလည်း သူတို့ကို နှိပ်စက်ဖူးတဲ့ ဓားပြမှန်း မသိမှာ"

အတွေးဖြင့် ပျော်နေသော ဗာရာဏသီသူဌေးသမီးသည် တက္ကပဏ္ဍိတအကြောင်း စဉ်းစားမိသည့်အခါ မရွှင်လန်းတော့ပေ။

"ငါဟာ သူ့ဇနီးပဲ။ သူနဲ့ငါနဲ့ ဇနီးမောင်နှံဆိုတာ လူသိများတယ်။ သူနဲ့နေရင် ဒီကျောက်သံပတ္တမြားတွေ၊ ပိုးဖဲကတ္တီပါတွေ ဝတ်ရမှာမဟုတ်တော့ဘူး။ သူရှိနေပါလျက်နဲ့ ဒီလူကိုပြောင်းပြီး ပေါင်းသင်းဖို့လည်း မဖြစ်တော့"

သို့အတွက် ဗာရာဏသီသူဌေးသမီးသည် တက္ကပဏ္ဍိတသတင်းကို စုံစမ်းရတော့သည်။ ရသေ့လူထွက်သည် ဓားပြများ၏ အဖမ်းအဆီးမခံရသော်လည်း ရွာတွင်ရှိနေသည်။ ဓားပြများဖမ်းဆီးသွားသော သူ့ဇနီးကို တမ်းတနေသည်...စသည်ဖြင့် သတင်းရ၏။

တက္ကပဏ္ဍိတရှိနေသေးလျှင် ခိုးမှူးနှင့် တရားဝင်ပေါင်းသင်းရန် စိတ်မအေးရသေး။ ဗာရာဏသီသူဌေးသမီးသည် အကြောက်ကြံရပေပြီ။

"အမောင်၊ ဤစာကိုရလျှင်ရချင်း ထနောင်းသုံးပင်ရွာကို လာခဲ့ပါ။ ရွာ၏အနောက်ဘက် တစ်တိုင်အကွာတွင် မြေစခန်းရှိသည်။ စခန်း၏တောင်ဘက်မျက်နှာတွင် တဲတစ်လုံးရှိသည်။ တဲထဲ၌ အမြဲတမ်းခေါင်းမြီးခြုံထားသော မိန်းမတစ်ယောက် ရှိသည်။ သူ့ထံတွင် တက္ကပဏ္ဍိတ လာပြီဟုပြောလျှင် အားလုံးအဆင်ပြေသဖြင့် သန်းခေါင်အခါတွင် ထွက်ပြေးကြပါမည်"

တက္ကပဏ္ဍိတသည် ဝမ်းသာစွာဖြင့် စာကို အခါခါဖတ်၏။ စာလာပို့သူအား လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ မပေးလိုက်မိပါတကားဟု စာကို သုံးခေါက်ဖတ်ပြီးမှ နောင်တရ၏။ ထို့နောက် မည်သူ့အားမျှ အသိမပေးဘဲ ရွာမှထွက်ခွာလာခဲ့လေ၏။

စာကိုရလျှင်ရချင်း ဝမ်းသာအားရ လာခဲ့မိသော်လည်း တက္ကပဏ္ဍိတသည် ထနောင်းသုံးပင်ရွာဘက်သို့ လာရင်း သတိရ၏။

www.burmeseclassic.com

www.burmeseclassic.com



“ငါဟာ ထနောင်းသုံးပင်ရွာနဲ့ အဝင်,အထွက် အဆက်အသွယ်မရှိဘူး။ လမ်းမှာ သွားရင်းလာရင်းနဲ့ မြင်တဲ့လူတွေဟာ သူစိမ်းအဖြစ် သတိထားမိကြမှာပဲ။ လာလေ့မရှိတဲ့ သူစိမ်းတစ်ယောက် ထနောင်းသုံးပင်ရွာကို ရောက်နေတဲ့အကြောင်း ဓားပြတွေ သိရင်”

ထိုအတွေးဝင်လာချိန်ဝယ် တက္ကပဏ္ဍိတသည် သွားရိုး သွားစဉ် မသွားတော့ပေ။ အဝေးသို့ ကြိုတစ်မျှော်ကြည့်သည်။ လူသူလှည်းနွား တစ်စုံတစ်ရာမြင်လျှင် ချုံထဲသို့ ဝင်ရောက်ပုန်းအောင်းနေသည်။ ထိုသူများလွန်သွားမှ ထွက်လာပြီး ခရီးဆက်သည်။

တက္ကပဏ္ဍိတသည် ထိုအရပ်ဒေသသို့ ရောက်ဖူးသူမဟုတ်သော်လည်း ဓားပြများနေသော စခန်းသို့ နေဝင်စအချိန်တွင် ရောက်သွား၏။ သူသည် သူဌေးသမီး၏စာထဲတွင်ပါသောအိမ်သို့ အလင်းရောင်ပျောက်အောင် စောင့်ဆိုင်းပြီးမှ ဝင်သွား၏။

တဲထဲတွင် ခေါင်းမြီးခြုံထားသော အမျိုးသမီးတစ်ယောက် ရပ်နေ၏။

“တက္ကပဏ္ဍိတကြီး”

ခေါင်းမြီးခြုံထားသော အမျိုးသမီးသည် တက္ကပဏ္ဍိတအား သူ့နောက်မှလိုက်လာရန် လက်ဟန်ပြပြီး မီးရှူးတိုင်တစ်ခုဆွဲလျက် ရှေ့မှသွားလေ၏။ တက္ကပဏ္ဍိတလည်း နောက်မှလိုက်လာရာ မျိုးမကြဲရသေးသော လယ်ကွက်များကို ဖြတ်သန်းပြီးလာရကြောင်း သတိထားမိ၏။ မကြာမီ တဲတစ်လုံးရှေ့သို့အရောက်တွင် ခေါင်းမြီးခြုံအမျိုးသမီးက တဲအတွင်းသို့ လက်ညှိုးထိုးပြ၏။



“ဝင်သွားပါ”

“အထဲမှာ ဘယ်သူရှိလဲ၊ ဘာတွေရှိလဲ”

ခေါင်းမြီးခြုံသည် သူ၏မီးရှူးတိုင်ကို ယူဆောင်ပြီး ထိုနေရာမှ ထွက်ခွာသွားတော့သည်။ တက္ကပဏ္ဍိတသည် အရပ် လေးမျက်နှာကို လှည့်ပတ်ကြည့်ရှုနေစဉ် မီးစည်းမီးတုတ်များကို ကိုင်ဆောင်လျက် လူတစ်စု အဝေးမှလာနေသည်ကို မြင်ရသည်။ စိုးရိမ်စိတ်ဝင်လာသဖြင့် တဲထဲသို့ အပြေးအလွှားဝင်လာမိသည်။

တဲအတွင်း၌ မီးရောင်မရှိပေ။

တက္ကပဏ္ဍိတသည် တဲတွင်း၌ မစစ်ဆေးနိုင်သေး။ အဝေးမှလာနေသော လူတစ်စုကိုသာ ချောင်းမြောင်းကြည့်ရှုသည်။ မီးစည်းမီးတုတ်များ ကိုင်ဆောင်ထားသူများသည် တက္ကပဏ္ဍိတရှိနေသော တဲရှေ့သို့ ရောက်လာကြသည်။

ထိုသူများသည် သေရည်ယစ်ဝလာကြသူများ ဖြစ်ဟန်ရှိသည်။ စကားကို ကျယ်လောင်စွာပြောသည်။ ကျယ်လောင်စွာ ရယ်မောသည်။ တက္ကပဏ္ဍိတသည် သေရည်ယစ်ဝသူများ ထွက်ခွာသွားတော့မှသာ သူရောက်ရှိနေသော တဲကို စစ်ဆေးမိ၏။

တဲသည် လူနေသောတဲမဟုတ်ပေ။ မြင်းစာသိုလှောင်သော နေရာဖြစ်သည်။ မြင်းစာအခြောက်များ၊ ပဲမှော်များ၊ မြင်းကုန်းနှီးများသာ တဲထဲ၌ရှိသည်။ မြင်းထိန်းသမားများ အသုံးပြုဟန်ရှိသော ရေအိုးတစ်လုံးနှင့် သေရည်ကျည်တောက်များကို တွေ့ရသည်။ ကြောင်တစ်ကောင် လှုပ်ရှားသကဲ့သို့ သိုသိပ်စွာဖြင့် တက္ကပဏ္ဍိတ လှုပ်ရှားနေစဉ် တဲထဲသို့ တစ်စုံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသံ ကြားရသည်။

ဝင်လာသူတွင် မီးမပါပေ။ သို့ရာတွင် ကရမက်အနံ့သည် တဲအတွင်း၌ ချက်ချင်းသင်းပျံ့ကြိုင်လှိုင်သွားတော့သည်။

"အမောင်ဘယ်မှာလဲ"

တက္ကပဏ္ဏိတသည် မြုပြီးမနေနိုင်ပါ။ အသံပေးရသည်။

သူဌေးသမီးသည် တက္ကပဏ္ဏိတထံ ပြေးကပ်လာသည်။

"အမောင်၊ သန်းခေါင်ကျမှ အေးအေးဆေးဆေး တွေ့ကြမယ်၊ ဘယ်လမ်းကသွားမယ်၊ ဘာလုပ်မယ်ဆိုတာ စဉ်းစားထားနော်။ အခု အချိန်မရဘူး"

သူဌေးသမီးသည် တက္ကပဏ္ဏိတထံမှ လျင်မြန်စွာထွက်ခွာလာသည်။ သူနေသော သီးသန့်အိမ်တွင် ခိုးမှူးကြီးရောက်နေသည်။

"ဘယ်သွားနေတာလဲ"

"သိချင်သလား၊ ခိုးမှူးကြီး"

"သိချင်တယ်၊ မင်းကို စိတ်မချဘူး"

"သိချင်ရင် သေရည်သောက်ရမယ်၊ သေရည်သောက်ရင် ပြောပြမယ်"

ခိုးမှူးကြီးသည် သူဌေးသမီးတိုက်သော သေရည်ကိုသောက်သည်။ သူဌေးသမီး စီမံပေးသော စားဖွယ်များကိုစားသည်။

"မယ်မင်းတိုက်တဲ့သေရည်ကို သောက်ပြီးပြီ။ စောစောတုန်းက မယ်မင်း ဘယ်သွားခဲ့သလဲဆိုတာ ပြောပေတော့"

"ကျွန်တော်မရဲ့လင်ကြီး တက္ကပဏ္ဏိတဆိုတဲ့ ရသေ့လူထွက်



လိုက်လာလို့ အော်ကြီးဟစ်ကျယ်မဖြစ်ရအောင် သွားပြီး ဖျောင်းဖျတာပါ အရှင်"

ခိုးမှူးသည် သေရည်ခွက်ကို ဆောင့်လိုက်သည်။

"စော်စော်ကားကား၊ ငါ့ပိုင်နက်ထဲ ဝင်လာရဲတယ်၊ ရိုင်းလိုက်လေကွယ်"

"ရှင်တို့ညံ့လို့ သူဝင်လာနိုင်တာပေါ့"

စိတ်ဆိုးသည်ထက်ဆိုးအောင် စိတ်ဆိုးစေမည့်စကားများကို ပြောသဖြင့် ခိုးမှူးကြီး အမျက်ထွက်သည်။ သေရည်ကို အားရပါးရ မော့ချရာက "နေပါဦး၊ သူက ဘာလာလုပ်တာတုံး"ဟု မေးတော့သည်။

သူဌေးသမီးက ကျေနပ်ပျော်ရွှင်စွာ အဖြေပေးသည်။

"သူ့ဇနီးဖြစ်တဲ့ ကျွန်မကို လာခေါ်တာတဲ့လေ။ ကျွန်မက မလိုက်ဘူးပြောတော့ ကျွန်မကိုသတ်ပြီးမှ ပြန်မယ်တဲ့ရှင်"

ခိုးမှူးဓားပြကြီးသည် ဒေါသတကြီးခုန်ထ၏။

"အဲဒီရသေ့လူထွက် ဘယ်မှာလဲ"

"မြင်းစာထားတဲ့ တဲထဲမှာရှိတယ်။ သန်းခေါင်ရောက်လို့မှ ကျွန်မ မသွားရင် သူထွက်လာခဲ့မယ်တဲ့။ ခြိမ်းခြောက်ထားတယ်ရှင်"

"ကောင်းတယ်၊ ကောင်းတယ်"ဆိုကာ ခိုးမှူးသည် နောက်လိုက်များခေါ်ပြီး မြင်းစာထားသော တဲကို ဝိုင်းဝန်းသည်။ တက္ကပဏ္ဏိတကို တဲအပြင်သို့ ဆွဲထုတ်လာသည်။

"မင်းနောက်ကိုမလိုက်ရင် ငါ့ဇနီးကို သတ်မယ်ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



မင်းလားကွ"

ခိုးမှူးသည် မေးလည်းမေး၊ ပါးလည်းရိုက်၊ တစ်ပြိုင်နက်တည်း လုပ်သည်။ လူရည်မလည်သေးသော ရသေ့လူထွက်ဖြစ်စေကာမူ သူ့မယား အကောက်ကြံမှုန်းကိုကား တက္ကပဏ္ဍိတသိသည်။

"အဆွေခင်ပွန်းကို ပြစ်မှားတတ်တယ်၊ ကုန်းတိုက်တတ်တဲ့အပြင် ကျေးဇူးမသိတတ်ဘူး"

"ဘာတွေပြောနေတာတုံး"

ခိုးမှူးက တက္ကပဏ္ဍိတကို ပြေးပြီးကန်သည်။ ပြောင်းရိုးခြောက်တွေပေါ်သို့ လွင့်သွားရာက တက္ကပဏ္ဍိတ ကုန်းရုန်းထသည်။

"ကျေးဇူးရှင်ကို ပြစ်မှားတတ်ပြီး ကုန်းတိုက်တဲ့အပြင် ကျေးဇူးလည်း မသိတတ်ဘူး"

"ဘာတွေပြောနေတာတုံး။ ပြောဦးကွာ၊ ပြောဦးကွာ"

ခိုးမှူးကြီး မည်မျှပင် ရိုက်နှက် ကန်ကျောက်စေကာမူ တက္ကပဏ္ဍိတသည် ထိုစကားကိုသာ မြည်တမ်းသည်။ မြည်တမ်းဖန် များလျှင် ခိုးမှူးကြီး အမူးပြေသည်။ "ကျေးဇူး မသိတတ်တဲ့အပြင် ကုန်းတိုက်တယ်၊ ပြစ်မှားတတ်တယ်"ဆိုတာ ဘယ်သူ့ကို ပြောတာတုံး"ဟု မေးသည်။

"အခု ငါ့ကိုသတ်ဖို့ ဒီနေရာကို မင့်ကိုလွှတ်လိုက်တဲ့ အမျိုးသမီးဟာ ငါ့ဇနီးလေ၊ ဒီနေရာကို ငါရောက်လာတာဟာ သူ့ခေါ်လို့ ရောက်လာတာပဲ၊ ငါဟာ သူနဲ့မတွေ့ခင်က ဈာန်ရ ရသေ့ပဲ"



တက္ကပဏ္ဍိတသည် မိုးထဲလေထဲတွင် ဂင်္ဂါမြစ်ထဲ၌ မျောပါလာသော ကညာတစ်ယောက်ကို ရသေ့ကလေးတစ်ပါးက ဆယ်ယူခဲ့ပုံ အစချီလျက် နောက်ကြောင်းကို ပြန်ပြောင်းပြောပြ၏။ ခိုးမှူး၏ အမျက်ဒေါသသည် ချက်ချင်း သူဌေးသမီးဘက်သို့ လှည့်သွား၏။ မှောင်ထဲသို့ပြေးဝင်သွား၏။

"သူတော်ကောင်း၊ ကျေးဇူးရှင်ကို ပြစ်မှားတဲ့ သူယုတ်မာမ"

တက္ကပဏ္ဍိတသည် သူဌေးသမီးထံ၌ ငြီးငွေ့သောအာရုံကို ဖြတ်လိုက်သည်။ ရွာတွင်ကျန်ခဲ့သော အိမ်ကလေးသို့ ပြန်ရန် အကြောင်းမရှိတော့ပါ။ မြင့်မြတ်သော ရသေ့ဘဝသို့ ပြန်သွားခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်ကြောင်း သဘောပေါက်ပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

မိတ္ထီလာကန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

“ ဧရာဝတီရှိ တမ္ပဒီပမင်းသည် ငါကိုယ်တော်တိုင် အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ ရှေးမင်းကောင်း မင်းမြတ်တို့ စစ်အင်္ဂါလေးပါးနှင့် ထွက်သကဲ့သို့ ငါလည်း အလုံးအရင်း ဆင်မြင်း စသော စစ်အင်္ဂါလေးပါးနှင့်ထွက်၍ မိတ္ထိလာကန်တော် ကို သတ္တဝါအပေါင်းတို့ ပိုနိရာဖြစ်အောင် ငါပြုစုဆည်ပို့တော် မူမည် ”

# မိတ္ထိလာကန်တော်ကြီး

မြန်မာသက္ကရာဇ် ၁၁၅၆ ခုနှစ်တွင် အမရပူရ ပထမမြို့ တည်၊ နန်းတည် မင်းတရားကြီးသည် မိတ္ထိလာကန်တော်သို့ ချီ တက်တော်မူရန် ဆန္ဒဖြစ်ပေါ်လာ၏။ လယ်မြေများသို့ ရေပေး သွင်းရသော ကန်တော်ကြီး ယိုယွင်းပျက်စီးကြောင်း တင်လျှာများ ရောက်ရှိသည့်အတွက်ဖြစ်သည်။

ထို့ကြောင့် ဘဝရှင်မင်းတရားကြီးသည် ပညာရှိအမတ်ကို ရှေ့တော်သို့ခေါ်၍ မေးတော်မူသည်။

“မိတ္ထိလာကန်၏သက်တမ်း ဘယ်မျှရှိပြီလဲ မောင်မင်း”

“အရှင်မင်းကြီး၊ ဂေါတမမြတ်စွာဘုရားရဲ့ ဘိုးတော်အနော မင်းကြီးဟာ သက္ကရာဇ် ၈၆၄၅ ကိုဖြိုပြီး၊ ဇမ္ဗူဒိပါမြေအပြင်မှာ ရေကန်ပေါင်းရှစ်သောင်းလေးထောင်ကို ပြုစုခဲ့ပါတယ်ဘုရား။ အဲဒီအခါတုန်းက မိတ္ထိလာကန် တည်ရာအရပ်ကို တောင်ရိုး

www.burmeseclassic.com



တောင်တန်း၊ ရေလာရေဆင်း ကုန်းကျင်း ချောင်းမြောင်း အရပ်ဒေသများနဲ့ ချင့်ချိန်ပြီး တည်ထောင်တဲ့အချိန်တုန်းက ဗြဟ္မာ၊ သိကြား၊ နတ်များနဲ့ နဂါးမင်းတို့ဟာ အနော်တတ်အိုင်က ရေကိုယူလာပြီး မိတ္ထီလာကန်မှာ တည်ခဲ့ကြောင်းပါဘုရား"

ဘုရင်မင်းမြတ်မှာ ပညာရှိအမတ်၏ စကားကိုကြားရလျှင် သဘောကျတော်မူသည်။ ပညာရှိအမတ်က မင်းတရားကြီး ဝမ်းမြောက်မည့်စကားကို ဆက်လက်လျှောက်တင်ပြန်သည်။

"သည်ရေနဲ့ သည်ကန်ဟာ သာမန်မဟုတ်ပါဘုရား၊ ဗြဟ္မာ၊ သိကြားနဲ့ နတ်များ၊ နဂါးများက နှစ်ပေါင်း ရှစ်သောင်းလေးထောင် တည်လိမ့်မယ်လို့ သျှုတ်ထားပါတယ်ဘုရား။ ဘိုးတော်အဋ္ဌနမင်းရဲ့ နောက်မှာ သည်ကန်တော်ကို သာဝတ္ထိပြည်က အနာထပိဏ်သူဌေး တစ်ကြိမ်ပြုစုခဲ့ကြောင်းပါဘုရား"

"ဆက်လက်ပြီး တင်စမ်းပါဦးမောင်မင်း"

"မှန်ပါ၊ အနာထပိဏ်သူဌေးရဲ့ နောက်မှာ ရာဇဂြိုဟ်ပြည်ကို အစိုးရတဲ့ အဇာတသတ်မင်းနဲ့ ကာလာသောကမင်း၊ ပါဋလိပုတ်ပြည့်ရှင် အသောကမင်းတို့ တစ်ကြိမ်စီ ပြုစုပြီးတဲ့နောက် ပျောက်ကွယ် ဘိမ်ကောမတတ် ဖြစ်ခဲ့ရပါတယ် ဘုရား"

"ဘယ်မင်းလက်ထက်မှာ ထပ်မံပြုစုသလဲမောင်မင်း"

မင်းတရားကြီးသည် ကျေနပ်အားရွှောဖြင့် မေးတော်မူသည်။

"မှန်လှပါ အရှင်မင်းကြီး၊ နှစ်ပေါင်းများစွာ ချုံနွယ် ပိတ်ပေါင်းများ ဖုံးလွှမ်းနေခိုက်မှာ ကန်တော်တည်ရာ အရပ်ကို အရိမဒ္ဒနာ ပေါက္ကာရာမပြည်ကြီးကို အစိုးရတဲ့ အနော်ရထာ



မင်းစော ကြွလာတော်မူပါတယ်ဘုရား။ အနော်ရထာမင်းဟာ စစ်အင်္ကါလေးပါးနဲ့ တောင်ဘက်ကိုးခရိုင်ဆည်ကို ပြုစုပြီး အပြန်မှာ ကျွဲတလင်းချောင်း၊ မြေကတူးကန်ကိုရောက်လို့ သဘင်နန်းနဲ့ စံနေတုန်းမှာ ကန်စောင့်နတ်ကြီးလေးပါး ရောက်လာပါတယ်ဘုရား"

နတ်များက ကိုယ်ထင်ပြပြီး လာရောက်ခစားရသည် ဆိုပြန်သောကြောင့် မင်းတရားကြီး ဝမ်းသာကြည်နူးတော်မူ၏။

"ဆက်ပြီး ဘယ်လိုဖြစ်သေးလဲဟဲ့၊ တင်စမ်းပါဦး"

"ကန်စောင့်နတ်ကြီးလေးပါးက 'အရှင်မင်းကြီး၊ ဤမိတ္ထီလာကန်သည် သုံးလူထွတ်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည် ဒေသစာရီကြွတော်မူလာရာ ညီတော်ဖြစ်သော အရှင်အာနန္ဒာနှင့် ရေသပ္ပါယ်တော်မူသဖြင့် ကန်မည်ကာမတ္တ မဟုတ်ပါဘုရား။ ဤမြေဒီပါကျွန်းတွင် တံခွန်ကဲ့သို့ ဖြစ်ပါသည်ဘုရား။ အရှင်အာနန္ဒာပြောသည့်တရားတွင် ဘက္ကယီမင်း ပြုစုသည့်နောက် ဧရာဝတီရှင် တမ္ဗဒီပမင်း ပြုစုပြန်မည် တရားတော်ရှိသည့်အတိုင်း ပြုစုတော်မူပါဘုရား' လို့ လျှောက်ထားပြီး ကွယ်သွားကြပါတယ်ဘုရား"

"အနော်ရထာမင်းစောက ဘယ်လိုများ တုံ့ပြန်တော်မူသလဲမောင်မင်း"

"ဘုရင်မင်းမြတ်ဟာ မင်းချင်းတွေကိုခေါ်ပြီး တောချုံတွေကို အရှင်းလင်းခိုင်းတော်မူတော့မှ ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေကန်ကြီး ပေါ်လာတာကိုးဘုရား။ အဲဒါကြောင့် ရေဘယ်

www.burmeseclassic.com



လောက် နက်သလဲ အထောက်ခိုင်းတော့ ၁၈ တောင်နဲ့ နှစ်မိုက် လေးသစ်ရှိတာ တွေ့ရပါသတဲ့ဘုရား။

"မောင်မင်းသိတာ ရှိသေးရင် တင်ပါဦးဟဲ့"

"အဲဒါကြောင့် အနော်ရထာမင်းစောဟာ အဲသည့်ကန်ရိုးပေါင်းမှာ အလျားတာငါးရာ၊ အနံတာငါးဆယ် ဆည်ဖို့ပြုစုတဲ့ အပြင် ရေပြွန်ကျောက်ဝါးခါးတစ်ခုနဲ့ ရေလမ်းမှတ်တိုင် တစ်ဆယ့်ခြောက်လုံး၊ ရေမှတ်တိုင် လေးလုံးကို စိုက်ယူရုံမက ရေကြည့်ရွာ လေးရွာကိုလည်း တာဝန်ပေးတော်မူပါတယ် ဘုရား"

စေ့စပ်သေချာသော အစီအမံများကို ကြားတော်မူရသဖြင့် ဘုရင်မင်းမြတ် ကြည်နူးဆဲ၌ ပညာရှိအမတ်က ဆက်လက် တင်လျှောက်၏။

"နောက်ပြီးတော့ ကန်ရိုးလေးရပ်ဆောင် နတ်ကြီးလေးပါးတို့အတွက် နတ်ကွန်းတွေနဲ့ စတုလောကပါလ၊ သိကြား၊ ဗြဟ္မာတို့ကိုပါ အပ်နှံထားခဲ့ရာမှ ပုဂံပြည် နရသီဟပတေ့မင်းလက်ထက် "တရုတ်"လူမျိုးတွေ ကျူးကျော်လာတဲ့အခါ မြန်မာတို့ရဲ့ တိုင်းခြေပြည်ဖြစ်ကို ဖျက်ဆီးမှုပဲဆိုပြီး မိတ္ထီလာကန်ရဲ့ နတ်မောက်ဆည်ရိုးကို ဖျက်ဆီးသွားခဲ့တဲ့အတွက် သက္ကရာဇ် ၇၃၆ ခုနှစ်မှာ အဝမင်းကြီး စွာစော်ကဲ ကြွရောက်ပြီး ပြုစုတော်မူပါသတဲ့ဘုရား"

ထိုအခါ ဘုရင်မင်းမြတ်က ရွှင်လန်းစွာ မိန့်တော်မူ၏။

"အေး... မှန်ပေတယ် မောင်မင်း၊ နတ်မောက် မထောင်းတာဆည်ရိုးများကို ချန်ထားပြီး လင်းဇင်းဆည်ကိုသာ ပြုစုပြီး ပြန်သွားတယ်လို့ ရာဇဝင်ကြီးမှာ ကိုယ်တော်ဖတ်ရတယ် မောင်



မင်း။ နောက်တစ်ကြောင်းကတော့ မင်္ဂလာစံအိမ်တော်မှာ ငါ စံနေတုန်းက အိပ်မက်ထဲမှာ သမ္ဗာဒေဝနတ်က ငါ့ကိုလက်ဆွဲပြီး မိတ္ထီလာကန်ကို ခေါ်သွားတယ်လို့ မြင်မက်တယ် မောင်မင်း"

"ကံကောင်းလို့ကြားရတဲ့ အရှင်မင်းကြီးရဲ့ အိပ်မက်ကို သိပါရစေ ဘုရား"

"အေး...ရွှေစောလူးကုန်းက လင်းဇင်းဆည်ရိုးကို လျှောက်ပြီး တောင်ကို ချိုးအသွားမှာ ရွှေမြင်တင်စေတီကို လက်ညှိုးထိုးပြောတာ မောင်မင်းရဲ့"

"ကြားနာပါရစေ ဘုရား"

"သည်နတ်မောက်ဆည်ကြီးဟာ မြတ်စွာဘုရားရဲ့ ဘိုးတော်အဥ္စနမင်းကြီး လက်ထက်ကတည်းက ပြုစုခဲ့တာ နောက်မင်းအဆက်ဆက်တို့ ပြုစုခဲ့သလို အနုရုဒ္ဓါမင်းစောလည်း မရေမတွက်နိုင်တဲ့ အလုံးအရင်းနဲ့ ကြွချီလာပြီး ဆည်ဖို့တော်မူတယ်။ အသင်လည်း ရွှေထီးရွှေနန်း စိုးစံရလျှင် ရေးမင်းကောင်း မင်းမြတ်များနည်းတူ ပြုစုပါက ဘုန်းတော်တောက်ပ သက်တော်ရှည်ပြီး သားတော် အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် အစွန့်ရှည်စွာ သာသနာတော်ကိုချီးမြှင့်ရတဲ့ မင်းဇကရာဇ်ချည်း ဖြစ်ပါလိမ့်မယ် ပြောပြီး၊ အိပ်မက်ပေးတဲ့နတ် ကွယ်သွားတော့တယ် မောင်မင်း"

"ထူးခြားလှကြောင်းပါဘုရား"

"အဲဒါကြောင့် သမ္ဗာဒေဝနတ် ညွှန်ပြတဲ့အတိုင်း ရှေးမင်းကောင်း မင်းမြတ်တွေ အလုံးအရင်းနဲ့လာပြီး ဆည်ဖို့ကြသလို ငါလည်း စစ်အင်္ဂါလေးပါး အခြွေအရံနဲ့ ထွက်တော်မူပြီး မိတ္ထီလာ

www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးကို ဆည်ဖို့တော်မူမယ်"

ဤသို့ရှိသောအခါ ဘုရင်မင်းမြတ်သည် သဒ္ဒါသည်ထက် သဒ္ဒါတော်မူစေရန် ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမတော်ရှိသော ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်များက မေတ္တာစာဆေး သွင်းနှင်းအပ်ကြသည်။

မေတ္တာစာတွင် ပါဝင်သော ထူးခြားသည့်အချက်မှာ–

"အနာဂတ်ကာလတွင် ဘက္ကယီမင်း၊ ဧရာဝတီရှေ့တမ္ပဒီပမင်းတို့ ပြုစုမည်ဟုဆိုသည်။ သက္ကရာဇ် ၄၁၆ ခု ကြုံကြိုက်သည့်ကာလ မိတ္ထီလာကန်ပြုစုမည်ကို စွဲ၍ လေးခုသင်္ချာအရ (ဘ) အက္ခရာ၊ တစ်ခုသင်္ချာအရ (က)အက္ခရာ၊ ခြောက်ခုသင်္ချာအရ (ယ)အက္ခရာများနှင့် ခေါ်ဝေါ်လွယ်အောင် 'က–သံယုဂ်' ဤအက္ခရာလောင်း၍ ဘေးလောင်းတော် အနော်ရထာမင်းစောကို (ဘက္ကယီမင်း)ဟူ၍ မိတ္ထီလာကန်ကို ပြုစုမည့်အခါကာလကို သိသာစေခြင်းဟာ သင်္ချာအမည်နှင့်ဆိုသည်ဟူ၍ ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဘုရင်မင်းမြတ်က မိန့်တော်မူသည်။

"ဧရာဝတီရှေ့ တမ္ပဒီပမင်းသည် ငါကိုယ်တော်တိုင် အမှန်ပင် ဖြစ်သည်။ သို့ဖြစ်၍ ရှေးမင်းကောင်းမင်းမြတ်တို့ စစ်အင်္ဂါလေးပါးနှင့် ထွက်သကဲ့သို့ ငါလည်း အလုံးအရင်း ဆင်မြင်းစသော စစ်အင်္ဂါလေးပါးနှင့်ထွက်၍ မိတ္ထီလာကန်တော်ကို သတ္တဝါအပေါင်းတို့ မှီခိုရာဖြစ်အောင် ငါပြုစုဆည်ဖို့တော်မူမည်"

ဘုရင်မင်းမြတ်သည် ထိုမှ ဆက်လက်ပြီး ဆင့်ဆိုသည်။



"မုတ္တမသုံးဆယ့်နှစ်မြို့၊ ဟံသာဝတီ သုံးဆယ့်နှစ်မြို့၊ ပုသိမ်သုံးဆယ့်နှစ်မြို့၊ ဒွါရာဝတီမြို့၊ ရမ္မာဝတီမြို့၊ မေဃဝတီမြို့၊ ဓညဝတီမြို့မှစ၍ အရပ်ရပ် မြို့ဝန်မြို့စားတို့ကို တပ်နှင့်ချည်း မိတ္ထီလာကန်တော်သို့ ရောက်စေ"

ဤသို့ဖြင့် ကြီးကျယ်များပြားသော စစ်အင်္ဂါလေးပါး အခြံအရံနှင့် ဘဝရှင်မင်းတရားကြီး ထွက်စံတော်မူရာ မြေးတော်စစ်ကိုင်းမင်းမှာ တပ်သီးတပ်ခြား မလိုက်ရ။ ရွှေနန်းတော်ထက်တွင် စံနေတော်မူရသည်ဖြစ်၍ ဘဝရှင်မင်းတရားကြီးဘုရားနှင့် အတူ ပါရသည်။

ဘဝရှင်မင်းတရားကြီးဘုရားမှာ ရတနာအတိ ခြယ်လှယ်သော ရွှေရထားထက် ထီးဖြူလေးစင်းဖွင့်၍ အရှင်မိဖုရားခေါင်ကြီးနှင့် တကွ သိကြားနတ်မင်းအသရေကဲ့သို့ တင့်တယ်စံပယ်တော်မူလျက် ၁၁၅၇ ခုနှစ်၊ တန်ခူးလပြည့်နေ့ တပ်စဉ်အတိုင်း ရွှေမြို့တော်က ချီတော်မူရာ တပ်ကြီးအရပ်တွင် ကွန်းထောက်နန်းနှင့် စံနေတော်မူသည်။

မင်းတရားကြီး ယုံမှတ်တော်မူသော ဝန်ကြီးသတိုးသီရိမဟာဥဇနာနှင့် နေမျိုးသခ်ယာတို့ကို မြို့စောင့်ထားခဲ့ပြီး အေးဆေးစွာ စံနေတော်မူစဉ် တရုတ်ဥဒည်းမင်းထံမှ လက်ဆောင်တော်များနှင့် သံတမန်များ ရောက်လာကြသည်။

အမရပူရ ပထမမြို့တည် နန်းတည် မင်းတရားထံတော်မှောက်သို့ တရုတ်ဥဒည်းမင်းက အထူးထူးသော လက်ဆောင်တော်များနှင့် ရွှေယေရာဇသံ ရောက်လာသည်။ ရွှေယေမှာ လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်ရင်းနှီးသည့်သဘောကို ဆောင်သည်။

"အမွှေးပန်းနံ့သာဖြင့်ထုံသော ဆီမီးတန်ဆောင်အရောင်ကြောင့် မိုက်မှောင်ပျောသကဲ့သို့ ညဥ့်သုံးယံမှလွန်သော နံနက်မိုးသောက် ရောင်ဖြူလာချိန်၌ အလင်းကိုရသကဲ့သို့၊ တိုင်းပြည်သတ္တဝါတို့အရေးကို မျှော်တွေးချင့်မျှော်မိသည်မှာ"အစရှိပြီး သားတော်ရှိဂ္ဂုရဲကို ထီးနန်းလွှဲပေးမည့်အကြောင်း ပါရှိသည်။ ဆက်လက်၍လည်း နန်းစံ ၆၁ နှစ်၊ သက်တော် ၆၈ နှစ်ရှိပြီဖြစ်သော်လည်း မျက်စိမသိ၊ နားမပင်း။ သို့သော် အသက်ကြီးပြီမို့ သားတော်ကိုလွှဲပေးမည်ဖြစ်ရာ ညီရင်းသားရင်းကဲ့သို့ ကူညီစောင့်ရှောက်ရန်များ ပါရှိချေသည်။

မြန်မာဘုရင်မင်းမြတ်က ပြန်ကြားလိုက်သော ရာဇသံ ရွှေပေတွင်လည်း ဥဒည်းမင်း၏ သားတော်ရှိဂ္ဂုရဲကို ညီရင်းသားရင်းကဲ့သို့ စောင့်ရှောက်မည့်အကြောင်း ပါရှိသည်။

အမရပူရ ပထမမြို့တည် နန်းတည် မင်းတရားကြီးနှင့် ဥဒည်းမင်းသည် ဆွေမျိုးသားချင်း တော်စပ်သူများ ဖြစ်ကြပေ၏။ အကြောင်းသော်ကား မင်းသမီးသုံးပါးကို လာရောက်ဆက်သထားဖူးသောကြောင့်ပေတည်း။

သက္ကရာဇ် ၁၁၅၁ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်နေ့တွင် တိုင်ပေါင်း ၄၄၂ တိုင် ပါဝင်သော ကျောင်းတော်ကြီးကို "အသောကာရာမတို့၏ ရတနာဘုံကျော်ကျောင်း" သမုတ်ကာ မောင်းထောင်ဆရာတော် "ဉာဏာဘိဝံသ"အား တင်လှူတော်မူပြီး ရက်ပေါင်း ၆၀ ကြာအောင် ပွဲသဘင်ကြီး ခံတော်မူသည်။



ဤပွဲသဘင် ဆင်ယင်၍ မပြီးမီ တရုတ်မင်းသမီးများ ရောက်လာခြင်းဖြစ်သည်။

သက္ကရာဇ် ၁၁၅၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်တွင် ဥဒည်းမင်းက အဖိုးအတိုင်း မသိထိုက်သော ပုလဲ ၁၀၈ လုံး၊ အာနီမူးပြည့် အချက်အတွက်တပ် သရဖူနှစ်ဆူနှင့် ထည်မျိုးအုပ်မျိုးများအပြင် မင်းသမီးသုံးပါးပါ အဆက်အသ ရောက်လာသည်။ ကျိဝန်ရင်တာရည် လက်ယာကြောင်း ဗိုလ်ပယ်တာရည်၊ မိုးမြင့်မြို့ဝန် တူတာလောရည်၊ ဗိုလ်မှူးရင်လောရဲ၊ ရီလောရဲ၊ စင်လောရဲ၊ လီလောရဲနှင့် လူပေါင်းတစ်ထောင် ရံဝန်းလျက် လိုက်ပါလာကြသည်။

ထိုလက်ဆောင်တော်များကို ဗန်းမော်မြို့မှ ရွှေဖဝါးတော်အောက်သို့ ဆောင်ယူရန် စီရင်သည့် အဆောင်အယောင်များမှာ ဤသို့ဖြစ်၏။

မင်းသမီးသုံးပါးကိုတင်ရန် "တိုး"ရုပ်ဖောင်ကို ဦးပုံရွှေပိန်းထည့်သည်။ အမိုးသုံးထပ်၊ ကုန်းစရပ်မွမ်း၊ အမွှန်းခြင်ပိန်းနီသုတ်၊ အတွင်းပိတ်ကြက်။ ဤဖောင်ကို လှော်ကားပြည့်လေးဝင်း၊ လောင်းနီလက်ပြည့်ခြောက်စင်းဖြင့် ငင်ရမည်။

မင်းသမီးသုံးပါး၏ အထိန်းအရ အခြွေအရံတို့ စီးနင်းလိုက်ပါလာရန်မှာ "ယွန်းဆက်"ဖောင်တစ်စီးဖြစ်သည်။

လက်ဆောင်တော်ဖြစ်သည့် အခြားပစ္စည်းများကိုလည်း အခြားယွန်းဆက်ဖောင်တစ်စီးတွင် တင်ဆောင်ရမည်။

မင်းသမီးသုံးပါးနှင့် အတူပါသော တရုတ်ဗိုလ်မှူးတို့စီးရန်

www.burmeseclassic.com

www.burmeseclassic.com



"စကြာဖောင်"နှစ်စင်းနှင့် မင်းသမီးသုံးပါးတို့အား ဘုရင်မင်းမြတ် သနားတော်မူသည့် ပဏ္ဏာတော်များ တင်ဆောင်ရန်မှာလည်း စကြာဖောင်ဖြင့်ပင် ဖြစ်သည်။ မြို့တော်အနောက် ရန်အောင် ဆိပ်တွင် မင်းသမီးသုံးပါး ခဏတစ်ဖြုတ် နားနေရန် တဲကြီး တစ်လုံး ဆောက်ထားရသေးသည်။ ရွှေနန်းတော်မှာမူ သုံးထပ် ဇေတဝန် ဝန်ဆောင်တစ်နှင့် နှစ်ထပ်လည်ပေါ် နှစ်ဆောင်တို့ကို မင်းသမီးများ စံမြန်းရန်အတွက် ဆောက်လုပ်ထားရပေ၏။

အကြိုအယူ တာဝန်ကျသည့် ဝန်ကြီးဝန်ထောက်များသည် တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့တွင် ဗန်းမော်သို့ရောက်ပြီး မင်းသမီးသုံးပါးနှင့် လက်ဆောင်တော်များကို ဆောင်ယူကြသည်။ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့တွင် ရန်အောင်ဆိပ်သို့ ရောက်လာသဖြင့် မင်းသမီးသုံးပါးမှာ အထက်ပါတဲပေါ်တွင် နေကြရ၏။

တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့။

မင်းတရားကြီး၏ မိထွေးတော် ဒလမြို့စားသည် မင်းသမီး သုံးပါးစံစားနေသည့် တဲတော်သို့ရောက်လာသည်။ မင်းသမီး သုံးပါးကို "ရတနာကနား"သုံးခုတွင်တင်သည်။ ကတော်မယား တို့လည်း မုတ်လုကနား၊ ပေါင်းယဉ်သန်လျင်းတို့ဖြင့် ကျင်းပ ခြံရံလျက် လိုက်ပါလာကြသည်။ မင်းသမီးသုံးပါး အနောက် တံခါးက ဝင်လာသည်။ ဘုရင်မင်းမြတ်ထံ ဆက်သပြီးနောက် ကြိုတင်ဆောက်လုပ်ထားသည့် သုံးထပ်ဇေတဝန်ကျောင်းနှင့် နှစ် ထပ်လည်ပေါ်ဆောင်များတွင် နေကြရ၏။

ထိုမှ ၂ ရက်အကြာဖြစ်သော တန်ဆောင်မုန်းလဆန်းသည်



လက်ဆောင်များနှင့်တကွ မှူးမတ်များ ကြိုးကြပ်လျက် အနောက် စည်ရှည်တံခါးမှလာကာ ရွှေနန်းတော်ကို လက်ယာရစ်လှည့်ပြီး လာရသည်။ ထို့နောက် "နှာယောင်ခန်း"တွင်နေရသည်။ မှူးမတ် များက အစီအနင်း အဆောင်အရွက် အစုံအညီဖြင့် မြေနန်းတော် တွင် ခစားကြသည်။ အားလုံးငြိမ်သက်မှ အိမ်ရှေ့မင်း ကြွလာ တော်မူသည်။ ထိုမှတစ်ဖန် လက်ဆောင်တော်များကို သယ်လာ ကာ မြေနန်းတော် မြောက်လှေကားက တက်ပြီး မြေနန်းတော် တွင်း၌ ခင်းကျင်းထားရ၏။

ဘုရင်မင်းမြတ်သည် ဃနမတ္တကရတနာဒေါ် ဆင်မြန်း ထားသည့် မိဖုရားခေါင်ကြီးနှင့် ကိုယ်လုပ်တော်များ ခြံရံလျက် ထွက်တော်မူလာကာ ရာဇပလ္လင်တွင် စံနေတော်မူသည်။ ထွက် စည်တော်ကား သုံးဖန်ချီ သုံးဖန်ချရွမ်းသည်။ တူရိယာစုံလည်း တီးမှုတ်ကြသည်။ တူရိယာအသံများ စဲသွားလျှင် ပုဏ္ဏားတော် များက ဘိသိက်တော်ဆက်သည်။ ကွမ်းရေကိုင် သီရိဇေယျ နော်ရထာက ဘိသိက်တော်ပန်းရေများကို နဝရတ်ရွှေဖလားဖြင့် ခံယူသည်။

ထို့နောက်တွင် ဘုရင်မင်းမြတ်၏ ဘုရားခုနစ်ဆူ အလှူ တော်ကို နားတော်ခံပြောကြီးမှူးက ရွှေတိုက်ဝန်သို့ အမိန့်တော် ပြန်ရ၏။ ရွှေတိုက်ဝန်က ရှေ့တော်ပြေးမှူးကို ဆင်ရှာ စည်တော် ရွမ်းလျက် အလှူတော်ကို ဆောင်ယူထွက်သွား၏။

အားလုံးငြိမ်သက်လျှင် သံတော်ခံ သီဟကျော်စွာက လက် ဆောင်တော်ဆက်စာကို ဖတ်ကြားလျှောက်ထားရှင်း နှာခံတော်

www.burmeseclassic.com

www.burmeseclassic.com



ပြောကြီးမှူးက တရုတ်စကားပြန် သီဝရာမကျော်ထင်ကို အသုံးပြုကာ သံအဖွဲ့ထံ မေးရသည်။ မေးရိုးမေးစဉ် မာကြောင်း သာကြောင်းနှင့် သွားရေးလာရေးတို့ကို မေးမြန်းပြီးနောက် မင်းသမီးများအား ဘုရင်မင်းမြတ်က ဘွဲ့မည်ရည်များ သနားတော်မူသည်။

ဥဒည်းမင်းက ဆက်သသော သမီးတော်ကြီး တာကူငြင်ကို သီရိမဟာဂန္ဓာရဒေဝီ။

မင်းသမီးအလတ် ဇကူငြင်ကို သီရိမဟာ ပဒ္မလဒေဝီ။

မင်းသမီးအငယ် သံကူငြင်ကို သီရိမဟာဂန္ဓာ စန္ဒာဒေဝီဘွဲ့ပေးတော်မူသည်။ တောင်ဒိုင်မြို့ကိုလည်း ကံကျေးခံတော်မူသည်။

ဘုရင်မင်းမြတ်သည် ဥဒည်မင်း၏ သံများကိုလည်း တစ်ဦးလျှင် ငွေချိန်ခွင်တစ်ဆယ်၊ သက္ကလတ်ခြုံထည်၊ ပဝါထည်အုပ်၊ သရက်ထည်အုပ်၊ ဘဲဆောင်းဘီနှင့် သဆော်ကော်ဇောတို့ကို သနားတော်မူပြီး ငွေမောင်း ၅ ချက်ခတ်၍ ဝင်စည်တော်ရှမ်းလျှင် အတွင်းတော်သို့ ဝင်တော်မူသည်။

ဤသို့လျှင် တရုတ်ဥဒည်းမင်းနှင့် ရင်းနှီးသော ဆွေမျိုးသားချင်း ဖြစ်ကြသည့်အတွက် သားတော်အား ထီးနန်းလွှဲသည့်အကြောင်းကို အကြောင်းကြားခြင်းဖြစ်သည်။

မင်းတရားကြီးသည် မိတ္ထီလာကန်တော်ကြီးကို ဆည်ဖို့ရန်အတွက် လူများရွေးစစ်ဖွဲ့စည်းပြီး ကဆုန်လဆုတ် ၅ ရက်နေ့က စတင်ပြီး ဆည်ဖို့တော်မူသည်။ ပျက်ယွင်းသောနေရာများကို ကျောက်အိမ်ချပြီး ကျောက်သွတ်သည်။ ကျွဲတလင်းချောင်း၊ မထောင်းတာချောင်းနှင့် နတ်မကောက်ချောင်းဝ တာများကို အိမ်ရှေ့မင်းဦးစီးပြီး ဆောင်ရွက်ရသည်။



မိတ္ထီလာကန်တော်မှာ မြောင်းမသုံးရာ၊ မြောင်းငယ် ၂၅၀ မှ ရေထုတ်၍ တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်သည်။ နတ်မောက်ချောင်းမှဝင်သောရေနှင့် မထောင်းတာမှဝင်သော ရေတို့နှင့် ရေပြင်ချင်းစပ်မိသောအခါ အလွန်ကျယ်ပြောသည်။

မည်မျှကျယ်ပြောသနည်း တိုင်းတာရန်အတွက် မြင်းသည်ကျော် တစ်ယောက်ကို မြင်းကောင်းတစ်စီးပေးပြီး လွှတ်လိုက်သည်။ မြင်းသည်ကျော်လည်း မြင်းကိုဒုန်းစိုင်းပြီး ထွက်ခွာသွားရာ မှောင်မှရောက်သည်။ နံနက်စောစော ကြက်တွေ အိပ်တန်းဆင်းချိန်က ထွက်သွားသော မြင်းသည်ကျော်မှာ ကြက်တွေအိပ်တန်းတက်ချိန်ကျမှ ပြန်ရောက်သည်။ တစ်နေ့လုံး မရပ်မနားစိုင်းနှင်ခဲ့သည့်အတွက် မြင်း သေသည်။ ကန်ရေပြင်ကား ဤမျှကျယ်ဝန်းပေသတည်း။

■

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆိတ်မ၏သားကစသော ရာဇဝင်

ရှေးလွန်လေပြီးသောအခါက မဟာဝိဟိကတိုင်း ကစ္ဆပနဒီမြစ်ညာ၌ မျောက်နှင့်ဆိတ်မတို့ သင့်မြတ်ကြသည်။ ဆိတ်မတွင် ကိုယ်ဝန်ရင့်မာချိန်တွင် ကစ္ဆပနဒီမြစ်ညာအရပ်၌ မကြုံဖူးအောင် မိုးကောင်းသည်။

မိုးကောင်းသောကြောင့် ရေကြီးသည်။ တိရစ္ဆာန်များမှာ ခိုလှုံစရာမရှိ။ နေစရာမရ ဖြစ်ကြသည်။ ထိုအထဲတွင် မျောက်နှင့် သင့်မြတ်သော ဆိတ်မလည်း ပါဝင်ရာ မြစ်ရေထဲတွင် မျောပါလာလေ၏။ ဆိတ်မသည် ကူးရင်းခတ်ရင်း မျောကျရင်းဖြင့် သေလာဂိရိတောင်၌ တင်နေချေ၏။ ထိုနေရာတွင် အမောအပန်းမှ မပြေမီ ဆိတ်မက သားဖွားတော့သည်။

ထိုဆိတ်မမှ ဖွားမြင်သော ကလေးများမှာ ဆိတ်လည်းမဟုတ်၊ မျောက်လည်းမဖြစ် လူတချို့နှင့် ဘီလူးတချို့သာ ဖြစ်သည်။ ထိုဆိတ်မမှ ဖွားမြင်သော လူသားများမှာ မည်သူ့ကိုမျှ အန္တရာယ်မပြု။ ထိုဆိတ်မမှ ဖွားမြင်သော ဘီလူး ၇ ယောက်မှာ လွန်စွာဆိုးသွမ်းသည်။ ထိုဘီလူးများမှာ ဆေဒ္ဒန်၊ ပက္ခတိ၊ ရေကျိုင်၊ ရောပု၊ ပေသိသဲ၊ လေက္ကာပ်နှင့် နမ ရက္ခိဏီတို့ ဖြစ်ကြသည်။



ထိုဘီလူးညီအစ်ကိုမောင်နှမတို့ ဆိုးသွမ်းပုံမှာ ဤသို့ဖြစ်၏။

ဘီလူး ဆေဒ္ဒန်သည် ဘီလူးအသွင်ဖြင့် မနေ။ ဆင်ယောင်ဆောင်နေသည်။ တောလိုက်မုဆိုးတို့သည် ဆင်ကို ဆင်အဖြစ်သာ သဘောထားသည်။ အမှတ်မဲ့နေသည်။ ထိုသို့ တောသွားတောလာတို့ သတိအလစ်တွင် ဖမ်းယူပြီး သတ်ဖြတ်စားသောက်သည်။

စတုတ္ထဘီလူးမှာ ရောပုဖြစ်သည်။ လွင်ပြင်နှင့် ကျေးရွာများကို စီးမိုးပြီးမြင်နိုင်သော တောင်တစ်လုံး၌ နေသည်။ လူများအစုအဝေးဖြင့် သွားလာလျှင် သူတော်ကောင်းယောင် ဆောင်နေသည်။ တစ်ယောက်တလေ သွားလာသူ၊ မျက်စိလည် လမ်းမှားသူ၊ အဖော်ကွဲသူများမှာမူ ရောပု၏ အစာဖြစ်တော့သည်။

ပဉ္စမဘီလူးမှာ ပေသိသဲဖြစ်၏။ သူလည်း တောင်တစ်လုံးထိ အမှီပြုနေထိုင်သည်။ လူသူအရောက်အပေါက်နည်းပါးသည့်အတွက် ကျွဲ နွား သမင် ဒရယ်များပါ ဖမ်းယူသတ်ဖြတ် စားသောက်သည်။

ဆဋ္ဌမဘီလူးဖြစ်သော လေက္ကာပ်မှာ မသန်မစွမ်း ဘီလူးအိုကြီးတာဖြစ်သည်။ ပေသိသဲထက် ပိုပြီးဝေးလံသောအရပ်တွင်ရှိသည့် တောင်တစ်လုံးတွင် နေထိုင်သည်။ လူမဆိုထားဘိ သမင်ဒရယ်ဝင် ရှားပါးသည့်အတွက် ငှက်များပါမကျန် ဖမ်းဆီးသတ်ဖြတ်စားသောက်နေထိုင်ရသူဖြစ်၏။

သတ္တမဘီလူးကား ရက္ခိဏီဖြစ်၏။ အထက်ပါဘီလူးခြောက်ယောက်၏ နှမဖြစ်ကာ တောစပ်တွင်ရှိသော ရေကန်ကို အပိုင်

www.burmeseclassic.com

www.burmeseclassic.com



စား၏။ အမှတ်မဲ့ဆင်းပြီး ရေချိုးသူ၊ ရေသောက်သူများကို ဖမ်းဆီး သုတ်ဖြတ်စားသောက်ကြ၏။

နှစ်ပေါင်း လပေါင်း ကြာလာ၏။ တောတောင်သို့သွားသူများမှာ အသွားသာရှိပြီး အပြန်မရှိသည်ကို သတိမူမိကြသည်။ ထိုအခါ အသွားအလာ ဆင်ခြင်ကြသဖြင့် ဘီလူးမောင်နှမတစ်စု စုဝေးပြီး တိုင်ပင်၏။

"ဘယ်လိုလုပ်ကြမလဲ။ အစာမစားရတာ ရက်ပေါင်း ၉၀ ရှိပြီ"

လေက္ကုပ်က ညည်းတွားသောအခါ ငဆဒ္ဒန်က ဖျောင်းဖျ၏။

"ငါတို့ရှိတဲ့နေရာကို လူတွေမလာရင် ငါတို့ကပဲ လူတွေရှိတဲ့ အရပ်ဒေသကို သွားကြတာပေါ့ ငါ့ညီရာ"

ထိုစကားကြောင့် ရက္ခိဏီမှာ ထိတ်လန့်တုန်လှုပ်၏။

"လူတွေရှိတဲ့နေရာ၊ ဘယ်နေရာလဲ မောင်ကြီး"

"ဝေသာလီမြို့လေ၊ လူတွေအိပ်မောကျနေတုန်း ကြက်၊ ဝက်၊ ခွေး၊ နွား၊ ကျွဲနဲ့ လူ တွေ့ရာဆွဲစားပြီး စားလို့ဝတဲ့အခါ မိုးမလင်းမီ ပြန်ထွက်ကြတာပေါ့"

ဘီလူးညီအစ်ကိုမောင်နှမများသည် လူတို့၏ ဓား လှံ လေး မြား...စသော လက်နက်များကို ကြောက်ရွံ့သဖြင့် လူတွေ အိပ်မောကျချိန်တွင်သာ မြို့တွင်းသို့ဝင်သည်။ သို့သော် လူများက ဓားလှံကိုင်စွဲပြီး ကင်းစောင့်ရမည့်အစား အိမ်တံခါးပိတ်ပြီး တစ်ကိုယ်ရေ ချမ်းသာရေးအတွက် ခေါင်းရှောင်နေကြရာ ဘီလူးတွေ



အတင့်ရဲလာတော့သည်။

ဝေသာလီမြို့မှာ လူတွေညှိုးဖျင်းသောကြောင့် နောက်ဆုံးတွင် ဘီလူးမြို့ ဖြစ်လာ၏။ ဘီလူးညီအစ်ကို မောင်နှမတစ်စုသည် ဝေသာလီမြို့တွင်း၌ နေ့ရောညပါ နေထိုင်ကြ၏။ တစ်မြို့လုံးတွင် လူနှစ်ယောက်သာ ကျန်တော့သည်။ ထိုသူများမှာ ဝေသာလီမင်း၏ မိဖုရားကြီးနှင့် သမီးတော် ရုစိတမာလာတို့ ဖြစ်ကြပေ၏။

ဘီလူးညီအစ်ကို မောင်နှမတို့၏မိခင် ဆတ်မကြီး ကစ္ဆပနဒီမြစ်ထဲသို့ မျောပါလာချိန်နှင့် ကပိလဝတ်ပြည့်ရှင် အဖ္ဗုနမင်း တောထွက်လာချိန်တို့ တစ်ပြိုင်နက်တည်း ဖြစ်ပျက်ခဲ့၏။ အဖ္ဗုနမင်းသည် ရွှေထီးနန်းစည်းစိမ်ကို သားတော် ဓမ္မသေနသို့ လွှဲအပ်ပေးခဲ့ကာ ကစ္ဆပနဒီမြစ်ညာတွင် ရသေ့ပြုလျက် တရားအားထုတ်နေ၏။

အဖ္ဗုနရသေ့ မှီတင်းနေထိုင်သော ကျောင်းပင်ကိုစောင့်သည့် ရုက္ခစိုးသည် ရသေ့ကြီးအား များစွာကြည်ညို၏။ ရသေ့ကြီး၏ အကျင့်သီလမှာလည်း ကြည်ညိုဖွယ်ဖြစ်သည်။ သို့အတွက် ရုက္ခစိုးသည် မျောက်ယောင်ဆောင်ပြီး မျောက်များကို နှိုးဆော်သည်။

"သစ်သီးဝလံတွေ ရှာဖွေပြီး ရသေ့ကြီးကို လှူကြဟေ့၊ ရသေ့ကြီးရဲ့ အကျင့်သီလ အလွန်စင်ကြယ်တယ်၊ မြင့်မြတ်တယ်"

အဖ္ဗုနရသေ့ကြီးမှာ မျောက်များလှူဒါန်းသော ပျားရည်၊ သစ်သီးများဖြင့် လုံလောက်သော်လည်း ရုက္ခစိုးသည် အားမရသေး။ ဆတ်ယောင်ဆောင်ပြီး ဆတ်များကိုတိုက်တွန်းရာ ဆတ်

www.burmeseclassic.com



အများ ရောက်လာကြသည်။ သစ်သီးသစ်ဥသစ်ဖုများ ရှာဖွေပြီး လှူဒါန်းကြသည်။ ထိုဆတ်များတွင် ထူးခြားသော ဆတ်မတစ်ကောင် ပါလာသည်။

ထိုဆတ်မသည် သာမန်ဆတ်မ မဟုတ်။ ရသေ့၏ ရေးဘဝက မယားဟောင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် ဆတ်မသည် ရသေ့ကို ကိုယ်ဖြင့်ပွတ်သည်။ ဦးချိုဖြင့်တို့သည်။ ကာလကြာမြင့်သောအခါ ဆတ်မ၌ ကိုယ်ဝန်ရှိလာသည်။ ထိုဆတ်မမှာလည်း ကိုယ်ဝန်ရင့်မာချိန်၌ ကစ္ဆပနဒီမြစ်ထဲသို့ မျောပါလာလေ၏။

ဆတ်မသည် လေကြီးမိုးကြီးကျသောအချိန်၌ မိုးလေကွယ်ရာသို့ ရောက်နေ၏။ သို့ရာတွင် သူသည် မတော်တဆ သားဖွားမည်စိုးရိမ်သဖြင့် သေချာကျနစွာ မိုးလေလုံခြုံသော တောင်ခေါင်းသို့အလာတွင် တောင်ပြိုသည်နှင့် ရောနှောမျောပါပြီး မြစ်ထဲသို့ ရောက်လာခြင်းဖြစ်၏။ ဆတ်မသည် ရေစီးကြမ်းသော နေရာများတွင် မျောပြီး လိုက်ပါလာရာက ရေစီးအသာတွင် ကူးခတ်သဖြင့် ကြိမ်ပိုက်တောထဲတွင် တင်နေလေ၏။

ကြိမ်ပိုက်တောသည် မြစ်အတွင်းမဟုတ်သော်လည်း နေခင်းထိုင်ခင်းကောင်းသောနေရာ မဟုတ်သေးပေ။ မဟုတ်သေးသော်လည်း ဆတ်မမှာ ကိုယ်ဝန်ကို အောင့်မထားနိုင်ဘဲ မွေးဖွားလာသည်။ သို့သော် ဆတ်မမှ မွေးသောသားသည် ဆတ်မဟုတ်၊ လူဖြစ်သည်။ သားယောကျ်ားကလေး ဖြစ်သည်။

ဆတ်မ၏သားသည် သာမန်လူ မည်ကာမတ္တမဟုတ်ပေ။ ခုနစ်တောင်ပတ်လည်အရပ်မှာ လင်းထိန်နေသည်။ ဆတ်မသည်



ကြောက်လန့်တကြား ထွက်ပြေးပြီးမှ သားသမီးဟူသော အသိဝင်လာသဖြင့် တဖြည်းဖြည်း ချဉ်းကပ်လာစဉ် အမဲလိုက်ခွေးများ၏ ဟောင်သံဟိန်းသံများကို ကြားရသဖြင့် ထွက်ပြေးရ၏။

အမဲလိုက်ခွေးများကား မုဆိုး သင်ကြီးအောင်လာ၏ ခွေးများဖြစ်၏။

ခွေးများသည် နေရာအနံ့ ဖြန့်ကြက်ပြီး သားကောင်ကို အနံ့ခံ ရှာဖွေကြရာ ကြိမ်ပိုက်တောထဲ၌ မသက်ာဖွယ်ရာ တစ်စုံတစ်ရာကို တွေ့ရ၏။

သူတို့ရှာဖွေတွေ့ရှိထားသောအရာသည် သားကောင်မဟုတ်ကြောင်း သိသော ခွေးများသည် မာယာရုမင်း၏ အလောင်းအလျာ မင်းသားကလေးအား ဝိုင်းဝန်းဟောင်ကြသည်။ သင်ကြီးအောင်လာလည်း ခွေးတွေဟောင်ပုံ ထူးသည်ဆိုကာ ပြေးလာပြီး ကြည့်သည်။ ကြိမ်ပိုက်တောတစ်ခုလုံး လင်းထိန်နေသည့်အလယ်၌ ကလေးငယ်ကလေး။

"ထူးခြားတဲ့ကလေး၊ ဘုန်းကြီးမယ့် ကလေး"

သင်ကြီးအောင်လာသည် ဝမ်းသာအားရဖြင့် ကလေးကို ယူသည်။ ရွာသို့ရောက်လျှင် ကလေးကို သူမည်ကဲ့သို့ တွေ့ရပုံကို ရွာသူရွာသားများထံ ရှင်းပြသည်။ ရွာသူရွာသားများက ထူးခြားသော ကလေးအဖြစ် အသိအမှတ်ပြုသည်။ ပညာရှိများအမှူမင်းဖြစ်မည့် မင်းလောင်းမင်းလျာအဖြစ် သတ်မှတ်ကြ၏။

မုဆိုး သင်ကြီးအောင်လာ၌ သားသမီးများစွာရှိသော်လည်း သမီးမိန်းကလေး တစ်ယောက်မှာ ထူးဆန်းသည်။ ထိုမိန်းကလေး

www.burmeseclassic.com



သည် ကလေးဘဝကတည်းက သန့်ရှင်းစွာနေသည်။ ချေး အလူးလူး၊ သေးအလူးလူး နေသည်ဟူ၍ မရှိ။ တံတွေးဖြင့် သူ့ကို ဆွတ်လျှင် လုံးဝမကြိုက်ချေ။ ထိုကလေးသည် လူကြီးများ ချော့မော့၍မရအောင် ဒေါသတကြီး ငိုယိုနေပါက ကြိမ်ပိုက် တောမှ ရလာသောကလေးကို ပြသလိုက်လျှင် အငိုတိတ်၏။

မင်းသားကလေးသည်လည်း သင်ကြီးအောင်လာ၏ သမီး နှင့် အတူကစားရမှု အငိုအယိုမရှိ။ အစားအစာကို မေ့သည်။

ရပ်သူရွာသားများသည် ထိုကလေးနှစ်ယောက်အား ကောင်း စွာ စောင့်ရှောက်ကြသည်။ စကားကို ကောင်းစွာပြောတတ်ချိန် သို့ ရောက်လာသောအခါ မင်းသားလေးအား မင်းအဖြစ် တင် မြှောက်ကြသည်။ အခွန်ဘဏ္ဍာပေးဆောင်ကြသည်။

အရွယ်မရောက်သော ကလေးငယ်ဟူ၍ အခြားတိုင်းပြည် များက မလေးမစား မဆက်ဆံရဲကြပေ။ စစ်ရေးစစ်ရာကျွမ်းကျင် သော မင်းတစ်ပါးအား ဆက်ဆံသကဲ့သို့ တလေးတစား ဆက်ဆံ ကြသည်။ အတိုင်းတိုင်း အပြည်ပြည်က "မာယာရမင်း"အဖြစ် အသိအမှတ်ပြုလာချိန်ဝယ် ရွာသူရွာသားများက သင်ကြီးအောင် လာ၏ သမီးနှင့် မာယာရမင်းအား ထိမ်းမြားလက်ဆက်၍ ပေး လိုက်ကြလေတော့သည်။

မာယာရမင်းသည် မင်းကား ဤသို့မနေ၊ မင်းမည်သည် ဤအနေအထားမရှိဟုသိသည်။ သိသည့်အတွက် မင်းနေပြည် တော်ကို စူးစမ်းသောအခါ ဝေသာလီမှာ မင်းနေပြည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ မာယာရမင်းသည် ခမည်းတော် သင်ကြီး



အောင်လာထံ၌ ခွင့်ပန်သည်။

"အဖ၊ မင်းနေပြည်တော်ဖြစ်တဲ့ ဝေသာလီပြည်ကို အရှာ ထွက်ပါရစေ"

"သားသွားလိုက သွား၊ သို့သော် အကြားအမြင်နဲ့ ပြည့်စုံသူ များကို ခေါ်သွား။ မုဆိုးအများက လိုက်လံဝန်းရံ စောင့်ရှောက် ပေးလိမ့်မယ်"

မာယာရမင်းသည် ခမည်းတော် သင်ကြီးအောင်လာ၏ အဆုံးအမကို နာခံသည့်အနေဖြင့် မုဆိုးများကို အခြံအရံပြုလျက် ဝေသာလီပြည်သို့ လာခဲ့သည်။ ထိုအချိန်တွင် ဝေသာလီပြည်မှာ ဘီလူးမြို့ဖြစ်ကာ ငဆဒ္ဒန်၊ ငရက္ခိုင်တို့ စိုးစံလျက် မင်းပြုနေ သည်။ သို့ရာတွင် မာယာရမင်းမှာ မမျှော်လင့်ဘဲ လူသား နှစ်ယောက်ကို တွေ့ရသည်။

ထိုနှစ်ယောက်မှာ ဝေသာလီမင်း၏ မိဖုရားနှင့် သမီးတော် ရုစိတမာလာတို့ဖြစ်၏။ ထိုသားအမိမှာ ဘီလူးများမှအစ မည်သူ့ ကိုမျှ အတွေ့မခံဘဲ တောင်ခေါင်းအောင်းပြီး ပုန်းလျှိုးနေခဲ့သူ များဖြစ်၏။ ထိုနေ့တွင် ထိုသားအမိ ပုန်းလျှိုးနေသော မြေပြင် ပေါ်တွင် မာယာရမင်း ယာယီတဲနန်းဆောက်ပြီး မီးဖိုသောကြောင့် မြေကြီးထဲမှ ထွက်လာကြခြင်းဖြစ်၏။

မိဖုရားကြီးနှင့် သမီးတော် ရုစိတမာလာတို့ မာယာရမင်း၏ ညောင်စောင်းပေါ်၌ ထိုင်မိချိန်ဝယ် တိုက်ဆိုင်စွာရောက်ရှိသောသူ မှာ သိကြားမင်းဖြစ်သည်။

"ဘီလူးရန်ကို နှိမ်နင်းလိုလျှင် ဤလက်နက်ငါးပါးကို လက်ခံ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပါ အရှင်မင်းကြီး"

သိကြားမင်းဆက်သသော လက်နက်ငါးပါးမှာ သန်လျက်နှင့် လုံလျင်၊ ချွန်းတောင်း၊ တင်းပုတ်၊ လေးမြားတို့ဖြစ်သည်။

"အရှင်မင်းကြီး ဘီလူးရန်ကို မနှိမ်နင်းမီ ဘုန်းကျက်သရေတိုးပွားကြီးမြင့်စေရန် ရစိတမာလာမင်းသမီးကို မိဖုရားမြှောက်ပြီး ရာဇာဘိသေက ခံတော်မူပါဘုရား"

နောက်လိုက်နောက်ပါ မှူးမတ်များသာပါသော မင်းသားမှာ သိကြားမင်း၏ အကူအညီဖြင့် ကြီးကျယ်ခမ်းနားသော ပွဲလမ်းသဘင်ကို ဆင်ယင်နိုင်သည်။ ဝေသာလီမြို့တွင်း၌ မင်းမူနေသော ဘီလူးအများစုမှာ မာယာရုမင်းက လက်နက်ငါးပါး ဆက်သသည်ဟု သတင်းကြားကတည်းက ထွက်ပြေးသွားကြပြီ။ သို့ရာတွင် ကြမ္မာငင်သော ဘီလူးများမှ ကျန်ရစ်နေခဲ့သည်။ သူတို့ကလည်း သူတို့အကြောင်းပြချက်နှင့် သူတို့ပင်။

"သည်ဝေသာလီမြို့ဟာ အစတုန်းက လူမြို့မဟုတ်လား။ လူမြို့ဖြစ်ပါလျက်နဲ့ အခု ဘာပြုလို့ ဘီလူးမြို့ ဖြစ်နေရတာလဲ"

"ဝေသာလီမြို့မှာနေတဲ့ လူသားတွေကို ဘီလူးတွေက သတ်စားပြီး မြို့ထဲမှာဝင်နေတဲ့အတွက် ဘီလူးမြို့ဖြစ်လာတယ်လေ"

မေးသူနှင့်ဖြေသူ အတိုင်အဖောက်ညီသည့်နည်းတူ နိဂုံးချုပ်စကားဆိုသူကလည်း အတိုင်အဖောက်ညီသည်။

"အခုရောက်လာတဲ့ မာယာရုမင်းနဲ့ ရစိတမာလာမိဖုရားကိုလည်း ငါတို့စားပစ်ရမှာပေါ့။ ငါတို့ဟာ သူတို့လိုလူတွေကိုစားဖို့အတွက် ဘီလူးဖြစ်လာတာ"



လက်ရင်းဘီလူးကြီးများဖြစ်သော ငဆဒ္ဒန်၊ ငရေကျွိင်နှင့် အခြံအရံများသည် ဝေသာလီမြို့တွင်းမှ ခုခံရန်ပြင်ဆင်ကြသည်။ မာယာရုမင်း၏ အကြံပေးပညာရှိများကား သင်ကြီးအောင်လာ၏ အပေါင်းအဖော် မိလက္ခုတောသားများ ဖြစ်စေကာမူ ပရိယာယ်ကြွယ်ဝ၏။ သူတို့သည် ဝေသာလီမြို့ကို ရှိသည်ဟု အမှတ်မထားဟန်ဖြင့် မြို့တစ်မြို့ တည်လုပ်ပြီး မြို့အဖြစ် သမုတ်သည်။ မြို့အမည်ကား ဓညဝတီတည်း။

"အရှင်မင်းကြီး၊ လူသားတွေဟာ ဓညဝတီဆိုပြီး မြို့တစ်မြို့တည်ထားပါတယ် ဘုရား"

ဘီလူးများသည် ငဆဒ္ဒန်ထံသို့ လာရောက် လျှောက်တင်ကြ၏။

"ကောင်းတယ် မောင်မင်းများ၊ ကောင်းတယ်"

ငဆဒ္ဒန်သည် ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်ဝမ်းသာသည်။

ငဆဒ္ဒန် ဝမ်းသာကျေနပ်ရခြင်းမှာ အကြောင်းနှစ်ရပ်ရှိသည်။

ပထမအကြောင်းမှာ ယခုရောက်ရှိလာသော လူသားများသည် ဘုန်းလက်ရုံးဖြင့် ပြည့်စုံပါလျက် ဝေသာလီပြည်ကို မနှောင့်ယှက်ခြင်း၊ ဓညဝတီမြို့ဟူ၍ အသစ်တည်သောမြို့ စည်ကားလာသည်နှင့်အမျှ ငဆဒ္ဒန်တို့ ဖမ်းယူစားသောက်ရန် လူတွေပေါများလာမည်ဖြစ်ခြင်း စသည့်အကြောင်းများကြောင့် ဖြစ်ချေသည်။

သို့ရာတွင် မာယာရုမင်းသည် ငဆဒ္ဒန်တို့ ထင်မြင်သကဲ့သို့ ဝေသာလီကို လျစ်လျူရှုထားခြင်း မဟုတ်ပေ။ ဝေသာလီမြို့၌ ဘီလူးမည်မျှ ကျန်သေးသနည်း။ မည်သို့နေထိုင်ကြသနည်း။

www.burmeseclassic.com



ဝင်လမ်းထွက်လမ်းများကား အဘယ်ကဲ့သို့နည်း။ ဤသည်တို့ကို လေ့လာစုံစမ်းနေခြင်းသာ ဖြစ်၏။ လူ့ရန်သူ ဘီလူးများကို ဘေးမဲ့မပေးပါ။

ဓညဝတီမြို့သည် ဆေဒ္ဒန်တို့ မျှော်လင့်ထားသည်နှင့် လျော်ညီစွာ လျင်မြန်စွာ စည်ကားလာ၏။ ဈေးဆိုင်ကနားများ၊ ပခုံးထမ်းခေါင်းရွက် ဈေးသည်များ၊ ရပ်ဝေးမှလာရောက်ပြီး အရောင်းအဝယ်ပြုသော လှည်းကုန်သည်များဖြင့် များစွာစည်ကား၏။

ဝေသာလီမြို့ကို လူသားများစွန့်ခွာသွားကတည်းက အသီးအရွက်နှင့် တိရစ္ဆာန်အသားများကို အားထားနေခဲ့ရသော ဘီလူးများမှာ ဓညဝတီမြို့ရှိ လူများကိုကြည့်ပြီး သွားရည်ကျနေကြ၏။ ထို့ကြောင့် တစ်ညတွင် ဘီလူးများသည် မြို့စွန်သို့ ရုတ်တရက်ဝင်ပြီး လူများကို ဖမ်းဆီးကြ၏။

စင်စစ်သော်ကား ဘီလူးတို့၏ အဖမ်းခံရသော လူသားများမှာ အမှုမဲ့ အမှတ်မဲ့နေသူများ မဟုတ်ကြပါ။ ဘီလူးများ ဝင်ရောက် ဖမ်းဆီးချင်စေရန် ထောင်ချောက်ဆင်ထားသော လူထောင်ချောက်များသာ ဖြစ်ချေ၏။ သို့အတွက် ဘီလူးများမှာ လူသားများကို ဖမ်းဆီးခေါ်ဆောင်မသွားနိုင်ဘဲ လူသားများ၏ ဖမ်းဆီးခြင်းကို ခံရလေ၏။

"မင်းတို့ဘီလူးတွေမှာ ရှင်ဘုရင် ဘယ်သူလဲ"

"ဘာလုပ်မလို့လဲ"

မေးမြန်းစစ်ဆေးသူကို ကလန်ကဆန်ဖြေကြားသော ဘီလူးမှာ ကျန်ဘီလူးများ မထိမဲ့မြင် မဖြေကြားရဲစေရန် ပြင်းထန်စွာ



နှိပ်စက်ခြင်းခံရသည်။

"မင်းတို့ဘီလူးတွေကို အုပ်ချုပ်နေတာ ဘယ်သူလဲ"

"မသိဘူး"

ထိုဘီလူးလည်း မသက်သာချေ။

"ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိတဲ့ကောင် ဆုံးမပေးကြစမ်း"

ဘီလူးများမှာ ဘီလူးသားစားတော့မတတ် ကြမ်းတမ်းရက်စက်သော လူသားများနှင့် ကြုံရသည့်အတွက် လူသားစားရန် စိတ်ကုန်ကြသည်။ ဓညဝတီမြို့သားများသည် ဘီလူးများကို နှိပ်စက်ညှဉ်းပန်းပြီး ဆေဒ္ဒန်၊ ရေကျော်ခိုင်တို့၏ နေရာများကို ရအောင်စစ်ဆေးသည်။ ထို့နောက် ဘီလူးများကို ဓားစာခံအဖြစ် ရှေ့ကတင်လျက် ဝေသာလီမြို့ထဲသို့ လူသားတွေဝင်သည်။ တွေ့သမျှ ဘီလူးတိုင်း ကွပ်မျက်ခံကြရသည်။

ဤသို့ဖြင့် ဆတ်မ၏သား မာယာရုမင်း တည်ထောင်သော ဓညဝတီမြို့ကို ရှင်ဘုရင်ပေါင်း ၅၅ ပါးက ၁၈၁၆ နှစ်တိုတိုင်မင်းပြုကာ စိုးစံသွားကြသည်။ ၅၅ ဆက်မြောက်မင်းငယ် လှဈောစည်သူ နတ်ရွာစံလျှင် မာယာရုမင်း မင်းဆက်ပြတ်သဖြင့် တကောင်းပြည်မှ ပြေးလာသော ဘိန္နကရာဇာမင်း၏သားတော် ကံရာဇာကြီးမင်း မင်းပြုသည်။ ကံရာဇာကြီးမင်းဆက် ၅၃ ဆက်သည် နှစ်ပေါင်း ၁၆၄၃ နှစ် မင်းပြုကြသည်။

ကံရာဇာကြီးမင်းဆက်၏ ၅၃ ယောက်မြောက် သူရိယကေတုမင်း၏ သားတော် မဟာသူရိယစန္ဒာမင်းသည် ဝေသာလီကျောက်လှေကားမြို့ကို တည်ထောင်သည်။ မင်းပေါင်း ၁၁ ပါး

www.burmeseclassic.com



နှစ်ပေါင်း ၄၃၇ နှစ် နန်းစံပြီးနောက် နဝမမြောက်မင်း တဉ္ဆနှရာ၏ သားတော် ငမင်းတုံသည် ကေဒသမမင်း ပဲဖြူမင်း နတ်ရွာစံမှ နန်းတက်သည်။

ငမင်းတုံသည် "စမ္ဘဝက်"မြို့ကို တည်ထောင်ပြီး ကျောက်လှေကားမြို့မှ ပြောင်းရွှေ့စံစားတော်မူရာ သားတော်အစဉ် မြေးတော်အညွန့် ၁၄ ဆက်တို့ ၂၄၁ နှစ်တိုင်တိုင် မင်းပြုကြသည်။ ထို့နောက် မင်းဘီလူး၏မြေး လက်ယာမင်းနန်သည် "ပရိန်"မြို့ကို တည်ထောင်ပြီး ပြောင်းရွှေ့နန်းစံပြန်ရာ ၁၇၉ နှစ်ကြာသည်။ မင်းပေါင်း ရှစ်ပါး စိုးစံတော်မူခဲ့၏။

ထိုမှတစ်ဖန် မင်းအနန်သီရိ၏သား မင်းဘုန်းစားသည် ချိပ်မြို့ကို တည်ထောင်ကာ ပြောင်းရွှေ့စံစားသော်လည်း နှစ်ပေါင်း ၅၇ နှစ် မင်းဆက်နှစ်ဆက်သာ စံစားအပြီး၌ ပဥ္စကာလစက်၏ သားတော် ကိန္နရဘော်မင်းသည် စမ္ဘဝက်မြို့ကို ထပ်မံတည်ထောင်သည်။ မင်းနှစ်ပါး ၂၆ နှစ် မင်းပြုပြီးနောက် တိုင်းချစ်ပဥ္စသမင်းသည် တောင်ငုံနရဉ္စရာမြို့ကို တည်ထောင်သည်။

တောင်ငုံ နရဉ္စရာမြို့သည် မြို့သက် ၃၅၇ နှစ် မင်း ၁၆ ပါး စိုးစံအပြီးတွင် လောင်းကြက်မြို့ကို အလော်မာဖြူမင်းက တည်ထောင်သည်။ ထိုမြို့၌ မင်းပေါင်း ၁၆ ပါး နှစ်ပေါင်း ၂၂၀ သာ စိုးစံသည်။ စောမွန်ကြီးမင်းသည် မြောက်ဦးမြို့ကို တည်ထောင်ပြီး နှစ်ပေါင်း ၃၅၀ အတွင်း မင်းပေါင်း ၄၇ ပါး စိုးစံသွားကြသည်။ ■

မင်္ဂလာချင်အောင်

BURMESE CLASSIC .com
www.burmeseclassic.com